မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၇ ]** ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၁ ရက် ( ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၉၂/ ၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး**<br>**ရာထူး၊ ဌာန** |
|---|---|
| (၁) ဦးနိုင်ဆွေဦး | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး |
| (၂) ဦးခင်မောင်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>လူမှုရေးနှင့် ယဉ်ကျေးမှုဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး |
| (၃) ဦးမောင်မောင်အုန်း | ညွှန်ကြားရေးမှူးချုပ်<br>အိမ်တော်များဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး |
| (၄) ဦးမျိုးသန့်ဖေ | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၅) ဦးစိုးဟန် | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (၆) ဦးဝင်းကျော်အောင် | ညွှန်ကြားရေးမှူးချုပ်<br>မူဝါဒရေးရာဦးစီးဌာန<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန |
| (၇) ဦးဝင်းနိုင်ထွန်း | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် ၇၂/၂၀၁၈၊ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်းမှအဆက် ]**

**တန်ဖိုးလျှော့ထားသည့်လုပ်ငန်းကိစ္စရပ်များ**

၃၆၀။ (က) ရာထူးလက်ရှိဖြစ်သူသည် ဆက်စပ်သည့်အချိန်အတွင်း ဤပုဒ်မအရ လူမွဲခံယူသည့်အဖွဲ့အစည်း၏ အောက်ပါဆောင်ရွက်ချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားရုံးသို့ လျှောက်ထားနိုင်သည် -

(၁) လူမွဲခံယူသည့်အဖွဲ့အစည်းက လူတစ်ဦးတစ်ယောက်သို့ လုပ်ပိုင်ခွင့် သို့မဟုတ် အခွင့်အရေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာပေးကမ်းခြင်းဖြစ်စေ ထိုသူနှင့် အဖိုးစားနား တစ်စုံတစ်ရာ မရသည့် လုပ်ငန်းကိစ္စရပ်တစ်ရပ်ကို ပူးတွဲလုပ်ကိုင်လျှင်၊

(၂) လူမွဲခံယူသည့်အဖွဲ့အစည်းက တစ်စုံတစ်ဦးနှင့်လုပ်ငန်းကိစ္စရပ်တစ်ရပ်ကိုဆောင်ရွက်ရာတွင် ငွေကြေး သို့မဟုတ် ငွေကြေးကဲ့သို့ တန်ဖိုးရှိသောအရာကို ကာလတန်ကြေးထက် သိသာစွာ လျော့နည်းသော အဖိုးစားနားတစ်ရပ်ဖြင့် ဆောင်ရွက်ခဲ့လျှင်။

(ခ) ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ အောက်ပါအခြေအနေ တစ်ရပ်ရပ် ရှိကြောင်း ပေါ်ပေါက်လျှင် တရားရုံးသည် အဆိုပါဆောင်ရွက်ချက်ကို ပြုလုပ်ခဲ့ခြင်းမရှိဘိ သကဲ့သို့ မှတ်ယူ၍ ထိုဆောင်ရွက်ချက်မပြုမီကရှိနေခဲ့သည့် မူလအခြေအနေအတိုင်း ပြန်လည် ထားရှိစေရန်အမိန့် ချမှတ်ရမည် -

(၁) လူမွဲခံယူသည့် အဖွဲ့အစည်းသည် ပုဒ်မခွဲ (က) ပါ လုပ်ငန်းကိစ္စရပ်တစ်ရပ်ကို ဆောင်ရွက် စဉ်က ကြွေးမြီများ ပြန်လည်ပေးဆပ်ခြင်းမပြုနိုင်သည့်အနေအထားရှိနေကြောင်း သို့မဟုတ် အဆိုပါဆောင်ရွက်ချက်တစ်ရပ်ရပ်ကို ပြုလုပ်ခဲ့သည့် အကျိုးဆက်ကြောင့် ကြွေးမြီများ ပြန်လည်ပေးဆပ်ခြင်းမပြုနိုင်သည့် အနေအထားရောက်ရှိခဲ့ကြောင်း ရာထူးလက်ရှိဖြစ်သူက ယုံကြည်လျှင် သို့မဟုတ်

(၂) ထိုလုပ်ငန်းကိစ္စရပ်တစ်ရပ်ရပ်မှာ စတင်အကျိုးသက်ရောက်သည့်နေ့မတိုင်မီ ၂ လထက် မပိုသောကာလအတွင်း ဆောင်ရွက်ခဲ့ကြောင်းနှင့် ထိုလုပ်ငန်းကိစ္စရပ်ကို လုပ်ဆောင်ခဲ့သူသည် လူမွဲခံယူသည့်အဖွဲ့အစည်း၏ တွဲဖက်လုပ်ကိုင်သူနှင့်ဆက်နွယ်သည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း ပေါ်ပေါက်လျှင်။

(ဂ) တရားရုံးသည် အောက်ပါအချက်တစ်ရပ်ရပ်အရ တန်ဖိုးလျှော့၍ ဆောင်ရွက်ထားသည့် လုပ်ငန်းကိစ္စရပ်တစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ယုံကြည်လျှင် ဤပုဒ်မအရ အမိန့်ချမှတ်ခြင်းမပြုရ -

(၁) လူမွဲခံသည့်အဖွဲ့အစည်းသည် လုပ်ငန်းကိစ္စရပ်များအား သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါလုပ်ငန်းကိစ္စကို ဆောင်ရွက်ခဲ့သည့်အချိန်က ယင်းအဖွဲ့အစည်းအတွက် အကျိုး ဖြစ်ထွန်းစေမည်ဟုယုံကြည်ရန် လုံလောက်သောအကြောင်းများရှိနေလျှင် သို့မဟုတ်

(၂) ထိုလူမွဲခံသည့်အဖွဲ့အစည်းသည် အပိုင်း ၆ လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်နေပြီး အဆိုပါ လုပ်ငန်းကိစ္စကို ဆောင်ရွက်ခြင်းကြောင့် အကျိုးအမြတ်ရမည့်သူသည် ယင်းအဖွဲ့အစည်း၏ တွဲဖက်လုပ်ကိုင်သူနှင့် ဆက်နွှယ်သည့်ပုဂ္ဂိုလ်မဟုတ်ကြောင်း ပေါ်ပေါက်လျှင်။

(ဃ) ဤပုဒ်မအရ ဆက်စပ်သည့်အချိန်ဆိုသည့်စကားရပ်တွင် အောက်ပါတို့ပါဝင်သည် -

(၁) ပုဒ်မခွဲ (ခ) သို့မဟုတ် (ဂ) နှင့် မသက်ဆိုင်လျှင် စတင်အကျိုးသက်ရောက်သည့်နေ့မှ ယင်းမတိုင်မီ ၂ နှစ်၊

(၂) ပုဒ်မခွဲငယ် (၃) နှင့်မသက်ဆိုင်လျှင် အဆိုပါလုပ်ငန်းကိစ္စကြောင့် အကျိုးအမြတ်ရသူသည် ယင်းအဖွဲ့အစည်း၏ တွဲဖက်လုပ်ကိုင်သူနှင့်ဆက်နွှယ်သည့် ပုဂ္ဂိုလ်ဖြစ်သည့်ကိစ္စ၌ စတင်အကျိုးသက်ရောက်သည့်နေ့မှ ယင်းမတိုင်မီ လေးနှစ် သို့မဟုတ်

(၃) သက်ဆိုင်ရာ ကြွေးမြီတောင်းဆိုချက်များနှင့်စပ်လျဉ်း၍ မြီရှင်များအား ကြွေးမြီရရှိမှုအခွင့်အရေးပျက်ပြားစေရန်၊ ဟန့်တားရန် သို့မဟုတ် နှောင့်နှေးစေရန် ရည်ရွယ်၍ အဆိုပါလုပ်ငန်းကိစ္စရပ်ကို ဆောင်ရွက်ခဲ့ကြောင်း ရာထူးလက်ရှိဖြစ်သူက သက်သေထင်ရှားပြသသည့် ကိစ္စ၌ စတင်အကျိုးသက်ရောက်သည့်နေ့မှ ယင်းမတိုင်မီ ငါးနှစ်။

**ယခင်ဆောင်ရွက်ချက်ကို ပယ်ဖျက်ခြင်း**

၃၆၁။ (က) မြီရှင်တစ်ဦးထံသို့ ပေးရန်တင်ရှိနေသည့် အာမခံအကျိုးခံစားခွင့်မရှိသော ကြွေးမြီ တစ်ရပ်နှင့် စပ်လျဉ်း၍ လူမွဲခံသည့်အဖွဲ့အစည်းက ဆက်စပ်သည့်အချိန်၌ မြီရှင်တစ်ဦးနှင့် လုပ်ငန်းကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ခဲ့ပြီး အကယ်၍ ထိုမြီရှင်က ၎င်း၏ကြွေးမြီအတွက် သက်သေထင်ရှားပြသ၍ ထိုလုပ်ငန်းကိစ္စတစ်ရပ်ရပ်ကို ပယ်ဖျက်ခဲ့ပါက မြီရှင်သည် ကြွေးမြီပမာဏပိုမိုရရှိမည်ဆိုလျှင် ရာထူးလက်ရှိဖြစ်သူသည် ဤပုဒ်မအရ ထိုလုပ်ငန်းကိစ္စ ဆောင်ရွက်ချက်ကို ပယ်ဖျက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (ဃ) နှင့် မဆန့်ကျင်စေဘဲ တရားရုံးသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်ရှိကြောင်း ယုံကြည်လျှင် ထိုဆောင်ရွက်ချက်ကို ပြုလုပ်ခဲ့ခြင်း မရှိဘိသကဲ့သို့မှတ်ယူ၍ ထိုဆောင်ရွက်ချက်မပြုမီက ရှိနေခဲ့သည့်မူလအခြေအနေအတိုင်း ပြန်လည်ထားရှိစေရန် အမိန့်တစ်ရပ်ချမှတ်ရမည် -

(၁) လူမွဲခံယူသည့်အဖွဲ့အစည်းသည် ထိုဆောင်ရွက်ချက်တစ်ရပ်ကို ပြုစဉ်အချိန်က ကြွေးမြီများပြန်လည်ပေးဆပ်ခြင်းမပြုနိုင်သည့် အနေအထားရှိနေကြောင်း သို့မဟုတ် ထိုဆောင်ရွက်ချက်တစ်ရပ်ရပ်ကို ပြုလုပ်ခဲ့သည့်အကျိုးဆက်ကြောင့် ကြွေးမြီများ ပြန်လည်ပေးဆပ်ခြင်းမပြုနိုင်သည့် အနေအထားရောက်ရှိခဲ့ကြောင်း ယုံကြည်လျှင် သို့မဟုတ်

(၂) ထိုလုပ်ငန်းကိစ္စဆောင်ရွက်ချက်မှာ ဆက်စပ်သည့်နေ့မတိုင်မီ (၂) လထက်မပိုသောကာလတွင် ဖြစ်ပွားခဲ့ကြောင်း ထိုဦးစားပေးချေမှု အကျိုးအမြတ်ရရှိသူသည် ယင်းလူမွဲခံယူသည့်အဖွဲ့အစည်း၏ တွဲဖက်လုပ်ကိုင်သူဖြစ်ကြောင်း ပေါ်ပေါက်လျှင်။

(ဂ) တရားရုံးအမိန့်နှင့်အညီ ဆောင်ရွက်ခဲ့သော ဆောင်ရွက်ချက်တစ်စုံတစ်ရာသည် ယင်းအရ ရွေးချယ်ရန်အခွင့်အရေးပေးခြင်းမှ ဖြစ်ပေါ်လာသည့် ခွင့်ပြုဆောင်ရွက်ချက်အား ပိတ်ပင်ခြင်းမရှိစေရ။

(ဃ) တရားရုံးသည် ယခင်ဆောင်ရွက်ချက်ကို ပယ်ဖျက်ရာတွင် အောက်ပါအခြေအနေ တစ်ရပ်ရပ်ကြောင့်ဖြစ်သည်ဟု ယုံကြည်ပါက ဤပုဒ်မအရ အမိန့်ချမှတ်ခြင်းမပြုရ -

(၁) အကျိုးအမြတ်ရရှိသူသည် သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ပြီး ယင်းအချိန်က -

(ကက) လူမွဲခံယူသည့်အဖွဲ့အစည်းသည် ကြွေးမြီပေးဆပ်နိုင်ခြင်း မရှိကြောင်းကို သံသယဖြစ်စေရန်အတွက် ထိုသူတွင် ဆီလျော်သော အကြောင်းအချက်များမရှိသည့်အပြင်၊

(ခ ခ) သာမန်ဆင်ခြင်တတ်သူတစ်ဦးကလည်း ယင်းကဲ့သို့ အခြေအနေတွင် သံသယဖြစ်စေရန်အကြောင်းမရှိဟု ထင်မြင်ယူဆနိုင်လျှင် သို့မဟုတ်

(၂) လူမွဲခံယူသည့်အဖွဲ့အစည်းသည် အပိုင်း (၆) ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး ယခင်ဆောင်ရွက်ချက်ကို ပယ်ဖျက်ခြင်းကြောင့် အကျိုးအမြတ်ရရှိသူသည် ထိုလူမွဲခံယူသည့် အဖွဲ့အစည်းနှင့်ဆက်နွှယ်နေသော တွဲဖက်လုပ်ကိုင်သူ မဖြစ်စေရ။

(ဃ) ဤပုဒ်မအရ ဆက်စပ်သည့်အချိန်ဆိုသည့်စကားရပ်တွင် အောက်ပါတို့ပါဝင်သည် -

(၁) ပုဒ်မခွဲငယ် (၂) နှင့် မသက်ဆိုင်လျှင် စတင်အကျိုးသက်ရောက်သည့်နေ့မှ ယင်းမတိုင်မီ ၆ လ သို့မဟုတ်

(၂) အဆိုပါလုပ်ငန်းကိစ္စကြောင့် အကျိုးအမြတ်ရသူသည် ယင်းအဖွဲ့အစည်း၏ တွဲဖက်လုပ်ကိုင်သူနှင့်ဆက်နွှယ်သည့် ပုဂ္ဂိုလ်ဖြစ်သည့်ကိစ္စ၌ စတင်အကျိုးသက်ရောက်သည့်နေ့မှ ယင်းမတိုင်မီ လေးနှစ်။

**ပုဒ်မ ၃၆၀ သို့မဟုတ် ၃၆၁ အရ ချမှတ်သည့်အမိန့်များ**

၃၆၂။ (က) ပုဒ်မ ၃၆၀၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၃၆၁၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များကိုမဆန့်ကျင်စေဘဲ လူမွဲခံယူသည့်အဖွဲ့အစည်းတစ်ရပ်က ပုဒ်မ ၃၆၀ သို့မဟုတ် ပုဒ်မ ၃၆၁ ပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားရုံးက အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) အဆိုပါဆောင်ရွက်ချက် သို့မဟုတ် ထိုဆောင်ရွက်ချက်၏ တစ်စိတ်တစ်ဒေသနှင့်စပ်လျဉ်း၍ ကုမ္ပဏီ သို့မဟုတ် တစ်သီးပုဂ္ဂလလူမွဲဖြစ်သူ၏ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လွှဲပြောင်းပေးအပ်စေသည့်အမိန့်၊

(၂) တစ်ဦးတစ်ယောက်၏ လက်ဝယ်၌ရှိသည့် ထိုသို့လွှဲပြောင်းပေးထားသော ပစ္စည်းအားရောင်းရငွေကို လွှဲပြောင်းထားကြောင်း သို့မဟုတ် ငွေကြေးလွှဲပြောင်းထားကြောင်း လျှောက်ထားတင်ပြလာသည့် မည်သည့်ပစ္စည်းကိုမဆို လွှဲပြောင်းပေးအပ်စေသည့်အမိန့်၊

(၃) ထိုလူမွဲခံယူသည့်အဖွဲ့အစည်းက ပေးအပ်ထားသော အာမခံအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ စွန့်လွှတ်ရန် သို့မဟုတ် ကင်းလွတ်ခွင့်ပြုရန်အမိန့်၊

(၄) တစ်ဦးတစ်ယောက်က ထိုလူမွဲခံယူသည့်အဖွဲ့အစည်းထံမှ အကျိုးအမြတ်အဖြစ် လက်ခံရရှိထားသော ငွေကြေးတစ်စုံတစ်ရာအား ရာထူးလက်ရှိဖြစ်သူထံသို့ တရားရုံးက သတ်မှတ်ပေးသည့် နည်းလမ်းအတိုင်း ပြန်လည်ပေးအပ်စေသည့်အမိန့်၊

(၅) အဆိုပါဆောင်ရွက်ချက်အရ လူတစ်ဦးတစ်ယောက်နှင့်ပတ်သက်၍ အာမခံခဲ့သောတာဝန်များအနက်မှ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကင်းလွတ်ခွင့်ရရှိခဲ့သော အာမခံသူတစ်ဦးဦးအပေါ်တွင် တာဝန်အသစ်တစ်ရပ်ပေးအပ်ခြင်း သို့မဟုတ် ပြင်ဆင်တာဝန်ပေးအပ်စေရန် တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်းချမှတ်သည့် အမိန့်၊

(၆) ထိုအမိန့်အရ ပေါ်ပေါက်လာသော တာဝန်တစ်ရပ်ရပ်ကို ကင်းလွတ်ခွင့်ပြုရန်၊ ထို့ပြင် အာမခံ သို့မဟုတ် ပစ္စည်းအပေါ်တွင် တင်ရှိမည့် ထိုတာဝန်ကို အဆိုပါဆောင်ရွက်ချက်အရ ကင်းလွတ်ခွင့်ပြုခဲ့သည့် အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကဲ့သို့ ဦးစားပေးတူညီစွာ သတ်မှတ်ပေးစေသည့်အမိန့်၊

(၇) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် လူမွဲခံယူခြင်းတွင် လုပ်ငန်းကိစ္စရပ်ကြောင့် ဖြစ်သော ကြွေးမြီများနှင့် အခြားသော တာဝန်များရှိကြောင်း၊ ယင်းတို့အနက် အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ကင်းလွတ်ခွင့်ပြုခဲ့ကြောင်းကို သက်သေပြနိုင်သည့်

အတိုင်းအတာအထိ အောက်ပါပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့်ပတ်သက်၍ ချမှတ်သည့် အမိန့် -

(ကက) အမိန့်အရ ၎င်း၏ပစ္စည်းအား ကုမ္ပဏီတွင်အပ်နှံထားသူ သို့မဟုတ်

( ခ ခ ) အမိန့်အရ ၎င်း၏ပစ္စည်းအား ပုဂ္ဂလိက လူမွဲခံယူသူ၏ ယုံမှတ်အပ်နှံခြင်းခံရသူထံ အပ်နှံထားသူ သို့မဟုတ်

( ဂ ဂ ) အမိန့်အရ ၎င်းအပေါ် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးအပ်ခြင်းခံရသူ။

**မတန်တဆနှုန်းဖြင့် ကြွေးမြီထုတ်ချေးခြင်း**

၃၆၃။ (က) လူမွဲခံယူသည့်အဖွဲ့အစည်းကိုယ်တိုင် ကြွေးမြီထုတ်ပေးသည့် ကိစ္စရပ်တစ်ရပ်ရပ်တွင် ပါဝင်သူ တစ်ဦးဖြစ်လျှင် ဤပုဒ်မနှင့် သက်ဆိုင်စေရမည်။

(ခ) ကြွေးမြီထုတ်ချေးရာတွင် မတန်တဆဖြစ်သည့်နှုန်းဖြစ်ပြီး သို့မဟုတ် ဖြစ်ခဲ့ပြီး ၎င်းမှာ စတင် အကျိုးသက်ရောက်သည့်နေ့မှ ၎င်းမတိုင်မီ သုံးနှစ်ကာလအတွင်းပြုလုပ်ခဲ့ခြင်းဖြစ်လျှင် ရာထူးလက်ရှိဖြစ်သူ၏ လျှောက်ထားချက်အရ အဆိုပါ ကြွေးမြီထုတ်ချေးခြင်းနှင့်ပတ်သက်၍ တရားရုံးသည် သင့်သည်ထင်သည့် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

(ဂ) ဤပုဒ်မအလို့ငှာ ကြွေးမြီများကို ထုတ်ပေးသူက လက်ခံထားခဲ့သော ဈေးကွက်ပေါက်ဈေးအရ ကြွေးမြီထုတ်ချေးရာတွင် ဆန့်ကျင်သက်သေမပြနိုင်ပါက အောက်ပါအခြေအနေများသည် မတန်တဆဖြစ်စေသော ဆောင်ရွက်ချက်ဟု မှတ်ယူရမည် -

(၁) ကြွေးမြီထုတ်ပေးရာတွင် စည်းကမ်းချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မတန်တဆ ငွေထုတ်ပေးမှုဖြစ်လျှင် သို့မဟုတ် ဖြစ်ခဲ့လျှင် သို့မဟုတ်

(၂) ကြွေးမြီထုတ်ချေးခြင်းသည် မျှတသော ရောင်းဝယ်ဖောက်ကားမှု၏ အခြေခံမူသဘောတရား များကို အခြားတစ်နည်းနည်းဖြင့် အလွန်အမင်း ဆန့်ကျင်ဖောက်ဖျက်ရာရောက်လျှင်။

(ဃ) ဤပုဒ်မနှင့်အညီချမှတ်သော အမိန့်အရ ပုဂ္ဂလိကလူမွဲခံသူ၏ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ငွေပေးချေခဲ့လျှင် ထိုငွေကြေးသည် ထိုပုဂ္ဂလိက လူမွဲခံသူပိုင်ပစ္စည်းဖြစ်သည်ဟု မှတ်ယူရမည်။

(င) အထက်ပါ ကြွေးမြီထုတ်ချေးခြင်းနှင့်စပ်လျဉ်း၍ ဤပုဒ်မအရ ချမှတ်သော အမိန့်တစ်ရပ်တွင် အောက်ပါအချက်တစ်ရပ်ရပ် ပါဝင်စေရမည် -

(၁) ထိုကြွေးမြီထုတ်ချေးခြင်းအရ ဖြစ်ပေါ်လာသော တာဝန်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်သည့် ဖော်ပြချက်၊

(၂) ထိုကြွေးမြီထုတ်ချေးခြင်းအလို့ငှာ ကိုင်ဆောင်ထားသည့် အာမခံတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များ သို့မဟုတ် စည်းကမ်းချက်များအားလုံးကို အခြားတစ်နည်းနည်းဖြင့် ပြောင်းလဲပြင်ဆင်သည့် ဖော်ပြချက်၊

(၃) ထိုကြွေးမြီထုတ်ချေးခြင်းတွင် ပါဝင်သည့် သို့မဟုတ် ပါဝင်ခဲ့သည့် တစ်စုံတစ်ဦးက လူမွဲခံယူသည့် အဖွဲ့အစည်းထံမှ ရယူထားခဲ့သော ငွေပမာဏတစ်ရပ်ရပ်ကို ရာထူးလက်ရှိဖြစ်သူအား ပေးအပ်စေသည့် ဖော်ပြချက်၊

(၄) ထိုကြွေးမြီထုတ်ချေးခြင်းအလို့ငှာ အာမခံအဖြစ် တစ်စုံတစ်ဦးက ကိုင်ဆောင်ထားသော ပစ္စည်းတစ်ရပ်ရပ်ကို ထိုသူက ရာထူးလက်ရှိဖြစ်သူထံသို့ လွှဲပြောင်းပေးအပ်စေသည့် ဖော်ပြချက်၊

(၅) ထိုကြွေးမြီထုတ်ချေးခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့် ပုဂ္ဂိုလ်များအကြား စာရင်းရှင်းလင်း တင်ပြရန် ညွှန်ကြားသည့်ဖော်ပြချက်။

**ကုမ္ပဏီ၏အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တချို့ကို ရှောင်ရှားခြင်း**

၃၆၄။ (က) ဤဥပဒေအရ သတ်မှတ်ဖော်ပြထားသော ဆက်စပ်သည့်အချိန်တွင် ဖြစ်ပေါ်လာသော ကုမ္ပဏီ၏လုပ်ငန်းတာဝန် သို့မဟုတ် ပစ္စည်းတစ်ရပ်အပေါ်ရှိ အပြောင်းအလဲရှိသော ကြွေးမြီတာဝန်သည် အောက်ပါအတိုင်းအတာအထိမှတစ်ပါး တရားမဝင်ပျက်ပြယ်စေရမည် -

(၁) ထိုကြွေးမြီတာဝန်ကို ဖြစ်ပေါ်စေသည့်အချိန်တွင်ဖြစ်စေ၊ နောက်ပိုင်းအချိန်များတွင်ဖြစ်စေ ကုမ္ပဏီသို့ ပေးချေခဲ့သည့် ငွေကြေးများ သို့မဟုတ် တင်သွင်းထားခဲ့သော ကုန်စည်များ သို့မဟုတ် ဝန်ဆောင်မှုများကြောင့် ဖြစ်ပေါ်စေသည့် ကြွေးမြီတန်ဖိုး၊

(၂) ကုမ္ပဏီ၏ကြွေးမြီတာဝန်နှင့် ကြွေးမြီတစ်ရပ်ရပ်ကို ဖြစ်ပေါ်စေသည့် အချိန်တွင်ဖြစ်စေ၊ နောက်ပိုင်းအချိန်များတွင်ဖြစ်စေ ထိုကြွေးမြီများကို ပေးချေခြင်း သို့မဟုတ် လျှော့ပေါ့ပေးခြင်းကြောင့်ဖြစ်ပေါ်လာသည့် ကြွေးမြီတန်ဖိုး၊

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) အတွင်းကျရောက်သော ငွေပမာဏတစ်ရပ်နှင့်စပ်လျဉ်း၍ ပေးချေရမည့် အတိုးငွေပမာဏ။

(ခ) ကုမ္ပဏီ၏အပြောင်းအလဲရှိသော ကြွေးမြီတာဝန်ပေါ်ပေါက်သည့်အချိန်သည် အောက်ပါ အခြေအနေတစ်ရပ်တွင် ဤပုဒ်မအလို့ငှာ ဆက်စပ်သည့်အချိန်ဖြစ်သည်ဟု မှတ်ယူရမည် -

(၁) ကုမ္ပဏီနှင့်ဆက်စပ်သည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျိုးစီးပွားအလို့ငှာ ပြုလုပ်ထားသော ကြွေးမြီတာဝန်ဖြစ်သည့်ကိစ္စတွင် စတင်အကျိုးသက်ရောက်သည့်နေ့မှ ယင်းမတိုင်မီ လေးနှစ်ကာလအတွင်း သို့မဟုတ်

(၂) အခြားတစ်စုံတစ်ဦး၏ အကျိုးစီးပွားအလို့ငှာ ပြုလုပ်ထားသော ကြွေးမြီတာဝန်ဖြစ်သည့်ကိစ္စတွင် စတင်အကျိုးသက်ရောက်သည့်နေ့မှ ယင်းမတိုင်မီ ၆ လ ကာလအတွင်း။

(ဂ) ထိုကြွေးမြီတာဝန်တင်ရှိစဉ်က ထိုကုမ္ပဏီသည် ကြွေးမြီပေးဆပ်နိုင်သည့် အခြေအနေမရှိကြောင်း သို့မဟုတ် ကုမ္ပဏီလွှဲခံယူသည့်အကျိုးဆက်ကြောင့် ကြွေးမြီပေးဆပ်ခြင်း မပြုနိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့ကြောင်း ယုံကြည်သည့်အခါ တရားရုံးသည် အထက်ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြထားသည့်အချိန်အတွင်း ကျရောက်သည့် ကြွေးမြီတာဝန်နှင့်စပ်လျဉ်းသည့် အမိန့်ကိုသာ ချမှတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ပါ ပြဋ္ဌာန်းချက်များအရ အပြောင်းအလဲရှိသောကြွေးမြီတာဝန်အတွက် အဖိုးစားနားအနေဖြင့် ပေးသွင်းခဲ့သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ တန်ဖိုးသည် ထိုအဖိုးစားနားမှတစ်ပါး ထိုကုမ္ပဏီသို့ ပေးသွင်းခဲ့သည့်အရာများအပေါ် သတ်မှတ်ထားသည့် တူညီသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စီးပွားရေးလုပ်ငန်းများ ပုံမှန်လုပ်ဆောင်မြဲအတိုင်း လုပ်ဆောင်ရာ၌ ပေးသွင်းခဲ့သော ထိုကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအတွက် ယင်းတို့ကို ပေးသွင်းခဲ့စဉ်က ရရှိရန် ကျိုးကြောင်းဆီလျော်စွာ မျှော်မှန်းနိုင်သော ငွေကြေးပမာဏဖြစ်သည်။

**အခန်း (၄)**

**အခြားကိစ္စများ**

**စာအုပ်စာတမ်းများကို ကြွေးမပြေ၍အာမခံအဖြစ် လက်ဝယ်ထားပိုင်ခွင့်**

၃၆၅။ (က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီနှင့်စပ်လျဉ်း၍ အောက်ပါအခြေအနေများတွင် သက်ဆိုင်စေရမည် -

(၁) ကုမ္ပဏီသည် အပိုင်း (၅) သို့မဟုတ် အပိုင်း (၆) အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေလျှင်၊

(၂) ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်နေလျှင် သို့မဟုတ်

(၃) ကုမ္ပဏီသည် ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်ဆောင်ရွက်နေလျှင်။

(ခ) ကုမ္ပဏီ၏စာအုပ်စာတမ်းများ သို့မဟုတ် အခြားမှတ်တမ်းများကို အခြားသူတစ်ဦး၏ လက်ဝယ်ထားခွင့် သို့မဟုတ် ယင်းတို့ကို ဆက်လက် လက်ဝယ်ထားရှိရန် အခြားအခွင့်အရေး တစ်ရပ်ရပ်သည် ရာထူးလက်ရှိဖြစ်သူ၏ ကျိုးကြောင်းဆီလျော်သည့် အခွင့်အရေးတစ်ရပ်ကို ဟန့်တားပိတ်ပင်ရာရောက်လျှင် ယင်းအတိုင်းအတာအထိ ယင်းအခွင့်အရေးများကို အတည်ပြုဆောင်ရွက်ခွင့်မရှိစေရ။

**အဝေးရောက်အစည်းအဝေးတက်နိုင်သည့်နည်းလမ်း**

၃၆၆။ အောက်ပါအစည်းအဝေးများကို အဝေးရောက်တက်နိုင်ခြင်းနှင့်စပ်လျဉ်းသည့် နည်းလမ်းများကို နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းနိုင်သည် -

(၁) ဤဥပဒေ သို့မဟုတ် နည်းဥပဒေများအရ ဆင့်ခေါ်ကျင်းပသည့် မြီရှင်များအစည်းအဝေး၊ လူမွဲဖြစ်သူ သို့မဟုတ် ကုမ္ပဏီတို့၏ အစည်းအဝေး တစ်ရပ်ရပ် သို့မဟုတ်

(၂) ဤဥပဒေ သို့မဟုတ် နည်းဥပဒေများအရ ရာထူးလက်ရှိဖြစ်သူက ဆင့်ခေါ်ကျင်းပသည့် ကုမ္ပဏီတွင် ပါဝင်သူများနှင့် တွေ့ဆုံမြီပေးဆပ်ရန် တာဝန်ရှိသူတို့၏ အစည်းအဝေးတစ်ရပ်ရပ်။

**ဝက်ဘ်ဆိုဒ်များအသုံးပြုခြင်း**

၃၆၇။ ဤဥပဒေ သို့မဟုတ် နည်းဥပဒေများအရ ရာထူးလက်ရှိဖြစ်သူက လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားသည့် အကြောင်းကြားစာ၊ စာတမ်းအမှတ်အသား သို့မဟုတ် သတင်းအချက်အလက်ပေးပို့ရန် တာဝန်နှင့် စပ်လျဉ်း၍ အင်တာနက်ဝက်ဘ်ဆိုဒ် သို့မဟုတ် အခြားသော အီလက်ထရောနစ်နည်းတစ်ဘုတ် သို့မဟုတ် ကြားခံဆက်သွယ်ရေးစနစ် တစ်ရပ်ရပ်မှတစ်ဆင့် ပြုလုပ်ရမည့်နည်းလမ်းများကို နည်းဥပဒေဖြင့် သတ်မှတ်နိုင်သည်။

## အပိုင်း (၁၀)
## နယ်စပ်ဖြတ်ကျော်လူမွဲခံယူခြင်းနှင့်စပ်လျဉ်းသည့်ဥပဒေ

## အခန်း (၁)
## နိဒါန်း

**ရည်ရွယ်ချက်**

၃၆၈။ ဤအပိုင်းပါ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နယ်စပ်ဖြတ်ကျော်လူမွဲခံယူခြင်းနှင့်ပတ်သက်၍ ထိရောက်သည့်စနစ်တစ်ရပ် ဖော်ဆောင်ရန်၊

(ခ) နယ်စပ်ဖြတ်ကျော် လူမွဲခံယူသည့်အမှုများတွင် နိုင်ငံခြားတရားရုံးများနှင့် သက်ဆိုင်ရာအာဏာပိုင်များ အကြား ပူးပေါင်းဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ခိုင်မာသည့် ဥပဒေမူဘောင်တစ်ရပ် ဖြစ်စေရန်၊

(ဃ) မြီရှင်များ၊ မြီစားများနှင့် အခြားအကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားကို မျှတစွာနှင့် ထိရောက်စွာ စီမံဆောင်ရွက်ပေးရန်၊

(င) မြီစားပိုင်ပစ္စည်းကိုကာကွယ်ခြင်းနှင့် ယင်းပစ္စည်း၏တန်ဖိုးကို တတ်နိုင်သမျှ မြှင့်တင်ပေးရန်၊

(စ) ငွေကြေးအခက်အခဲဖြစ်နေသည့် စီးပွားရေးလုပ်ငန်းများကို ကယ်ဆယ်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုကို ကာကွယ်ပြီး အလုပ်အကိုင်များတည်မြဲစေရန်။

## အခန်း (၂)
## အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ

### အဓိပ္ပာယ်ဖွင့်ဆိုချက်

၃၆၉။ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များအလို့ငှာ အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **နိုင်ငံခြားလူမွဲမှုခင်း**ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် မြီရှင်အားလုံး သို့မဟုတ် အများစု၏ အကျိုးစီးပွားအတွက် လူမွဲခံယူခြင်းနှင့်စပ်လျဉ်းသည့် ဥပဒေတစ်ရပ်အရ စွဲဆိုသော ကြားဖြတ်မှုခင်း အပါအဝင် တရားစီရင်ရေး သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာ မှုခင်းကို ဆိုသည်။ ယင်း စကားရပ်တွင် ပြန်လည်ထူထောင်ရန် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရန်အလို့ငှာ နိုင်ငံခြားတရားရုံး၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင်ရှိသည့် မြီစားပိုင်ပစ္စည်းများနှင့် လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်းသည့် မှုခင်းများလည်း သက်ဆိုင်စေရမည်။

(ခ) **နိုင်ငံခြားအဓိကလူမွဲမှုခင်း**ဆိုသည်မှာ မြီစား၏ အဓိကအကျိုးစီးပွားရှိသည့်နိုင်ငံတွင် ဆောင်ရွက် လျက်ရှိသည့် နိုင်ငံခြားလူမွဲမှုခင်းကို ဆိုသည်။

(ဂ) **နိုင်ငံခြားအဓိကမဟုတ်သည့်လူမွဲမှုခင်း**ဆိုသည်မှာ မြီစားက ဆောင်ရွက်နေသည့် ပုဒ်မခွဲ (စ) တွင် ဖော်ပြထားသော လုပ်ငန်းခွင် တည်ရှိရာနိုင်ငံရှိ နိုင်ငံခြားအဓိကမှုခင်း မဟုတ်သည့် လူမွဲမှုခင်းကို ဆိုသည်။

(ဃ) **နိုင်ငံခြားကိုယ်စားလှယ်**ဆိုသည်မှာ မြီစားပိုင်ပစ္စည်း သို့မဟုတ် လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေး သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးလုပ်ငန်းအား စီမံခန့်ခွဲရန် သို့မဟုတ် နိုင်ငံခြားလူမွဲမှုခင်းများတွင် ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ရန် ခန့်အပ်ထားသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ယာယီအားဖြင့် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းလည်း ပါဝင်သည်။

(င) **နိုင်ငံခြားတရားရုံး**ဆိုသည်မှာ နိုင်ငံခြားလူမွဲမှုခင်းကို လက်ခံဆောင်ရွက်ရန် အခွင့်အာဏာရှိသည့် တရားရုံး သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းကို ဆိုသည်။

(စ) **လုပ်ငန်းခွင်**ဆိုသည်မှာ မြီစားက ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို လုပ်သားအင်အားနှင့် တစ်ဆင့်ဖြတ်သန်းကုန်သွယ်ခြင်းမဟုတ်သော လုပ်ငန်းတစ်ရပ်အဖြစ် လုပ်ဆောင်သည့်နေရာကို ဆိုသည်။

### ဤအပိုင်းနှင့်သက်ဆိုင်ခြင်း

၃၇၀။ (က) ဤအပိုင်းသည် အောက်ပါကိစ္စရပ်များနှင့် သက်ဆိုင်စေရမည် -

(၁) နိုင်ငံခြား လူမွဲမှုခင်းတစ်ရပ်နှင့်စပ်လျဉ်း၍ နိုင်ငံခြားတရားရုံး သို့မဟုတ် နိုင်ငံခြား ကိုယ်စားလှယ်တစ်ဦးက အကူအညီတောင်းခံလာသည့်ကိစ္စ သို့မဟုတ်

(၂) မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ လူမွဲမှုခင်းနှင့်ပတ်သက်၍ နိုင်ငံခြားတိုင်းပြည်သို့ အကူအညီတောင်းခံသည့်ကိစ္စ သို့မဟုတ်

(၃) မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ လူမွဲမှုခင်းနှင့် နိုင်ငံခြားလူမွဲမှုခင်းတို့ မြီစား တစ်ဦးတည်းအပေါ် အပြိုင်ဆောင်ရွက်လျက်ရှိသည့်ကိစ္စ သို့မဟုတ်

(၄) မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအရဆောင်ရွက်သည့် လူမွဲမှုခင်းတစ်ရပ်တွင်ပါဝင်ရန် တောင်းဆိုခွင့်ရှိသည့် နိုင်ငံခြားတိုင်းပြည်ရှိ မြီရှင် သို့မဟုတ် အခြားအကျိုးသက်ဆိုင်သူမှ လျှောက်ထားသည့်ကိစ္စ။

(ခ) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များသည် ဘဏ်များ၊ ငွေရေးကြေးရေးလုပ်ငန်း အဖွဲ့အစည်းများ၊ အာမခံလုပ်ငန်းများနှင့် နိုင်ငံတော်သမ္မတက အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့်

သတ်မှတ်သည့်လုပ်ငန်းများ သို့မဟုတ် အဖွဲ့အစည်းများနှင့်စပ်လျဉ်းသည့် မှုခင်းများနှင့် မသက်ဆိုင်စေရ။

**နိုင်ငံတော်၏ အပြည်ပြည်ဆိုင်ရာတာဝန်များ**

၃၇၁။ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး အခြားနိုင်ငံ သို့မဟုတ် နိုင်ငံများနှင့် ချုပ်ဆိုထားပြီး အာဏာသက်ရောက်သည့် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် သို့မဟုတ် အခြားသော သဘောတူညီချက်များအရ နိုင်ငံတော်၏ တာဝန်နှင့် ဤအပိုင်းပါ ပြဋ္ဌာန်းချက်များ ဆန့်ကျင်ကွဲလွဲနေလျှင် ထိုအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် သို့မဟုတ် အခြားသော သဘောတူညီချက်က လွှမ်းမိုးစေရမည်။

**စီရင်ပိုင်ခွင့်ရှိသည့် တရားရုံး သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်း**

၃၇၂။ နိုင်ငံခြားလူမွဲမှုခင်းများကို အသိအမှတ်ပြုခြင်း၊ နိုင်ငံခြားတရားရုံးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကိစ္စများနှင့်စပ်လျဉ်း၍ ဤအပိုင်းပါ လုပ်ငန်းတာဝန်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လွှဲအပ်သည့် တရားရုံး သို့မဟုတ် မှတ်ပုံတင်အရာရှိက ဆောင်ရွက်ပိုင်ခွင့် ရှိစေရမည်။

**ဤဥပဒေအရ မှတ်ပုံတင်ထားသည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာကြီးကြပ်ရေးကောင်စီအနေဖြင့် နိုင်ငံခြားတိုင်းပြည်တွင် ဆောင်ရွက်ရန်အာဏာ**

၃၇၃။ နိုင်ငံခြားလူမွဲမှုခင်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် သက်ဆိုင်သည့် နိုင်ငံခြားဥပဒေတွင် ခွင့်ပြုထားသည့်အတိုင်း မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ တရားဝင်ပစ္စည်းထိန်း သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ သို့မဟုတ် မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီတို့အား နိုင်ငံခြားလူမွဲမှုခင်းများတွင် ဆောင်ရွက်စေနိုင်သည်။

**အများပြည်သူဆိုင်ရာမူဝါဒအရ ငြင်းဆိုခြင်း**

၃၇၄။ လျှောက်ထားမှုတစ်ရပ်သည် နိုင်ငံတော်၏ အများပြည်သူဆိုင်ရာမူဝါဒနှင့် ဆန့်ကျင်ကွဲလွဲနေပါက ဤအပိုင်းအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လွှဲအပ်သည့် တရားရုံး သို့မဟုတ် မှတ်ပုံတင်အရာရှိသည် အဆိုပါ လျှောက်ထားမှုကို ငြင်းဆိုနိုင်သည်။

**အခြားဥပဒေများအရ နောက်ဆက်တွဲအကူအညီများ ထပ်မံပေးခြင်း**

၃၇၅။ နိုင်ငံတော်၏အခြားတည်ဆဲဥပဒေများအရ နိုင်ငံခြားကိုယ်စားလှယ်အား တရားရုံး သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာကြီးကြပ်ရေးကောင်စီတို့မှ နောက်ဆက်တွဲအကူအညီ ထပ်မံပေးနိုင်သည့်အာဏာကို ဤအပိုင်းအရ ကန့်သတ်ခြင်းမရှိစေရ။

**အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း**

၃၇၆။ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ကောက်ယူရာတွင် နိုင်ငံတကာစံနှုန်းများကို သဘောရိုးဖြင့် လိုက်နာဆောင်ရွက်ခြင်းနှင့် ယင်းတို့ကို လက်တွေ့အသုံးချရာတွင် တစ်ပြေးညီဖြစ်စေခြင်းတို့ကို အလေးထားထည့်သွင်းစဉ်းစားရမည်။

## အခန်း (၃)

## နိုင်ငံခြားကိုယ်စားလှယ်များနှင့် မြီရှင်များ နိုင်ငံတော်ရှိတရားရုံးများသို့ လျှောက်ထားခွင့်၊ တိုက်ရိုက်လျှောက်ထားခွင့်

၃၇၇။ နိုင်ငံခြားကိုယ်စားလှယ်သည် နိုင်ငံတော်အတွင်းရှိ စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးသို့ တိုက်ရိုက်လျှောက်ထားခွင့်ရှိသည်။

**စီရင်ပိုင်ခွင့်ကန့်သတ်ခြင်း**

၃၇၈။ နိုင်ငံခြားကိုယ်စားလှယ်က နိုင်ငံတော်အတွင်းရှိ စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးသို့ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားသည်ဆိုရုံမျှဖြင့် နိုင်ငံရပ်ခြားရှိ မြီစားပိုင်ပစ္စည်းများ သို့မဟုတ် လုပ်ငန်းကိစ္စရပ်များအားလုံးသည် ဤလျှောက်ထားမှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

**ဤဥပဒေအရ လူမွဲမှုခင်း စတင်ရန် နိုင်ငံခြားကိုယ်စားလှယ်က လျှောက်ထားခြင်း**

၃၇၉။ သတ်မှတ်စည်းကမ်းချက်များနှင့်ကိုက်ညီလျှင် နိုင်ငံခြားကိုယ်စားလှယ်တစ်ဦးသည် မြန်မာနိုင်ငံ မြီစားပြန်လည်ထူထောင်ရေးနှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးဥပဒေအရ လူမွဲမှုခင်းစတင်ဆောင်ရွက်ရန် လျှောက်ထားခွင့်ရှိသည်။

**ဤဥပဒေအရ လူမွဲမှုခင်းတွင် နိုင်ငံခြားကိုယ်စားလှယ် ပါဝင်ဆောင်ရွက်ခြင်း**

၃၈၀။ နိုင်ငံခြားလူမွဲမှုခင်းအား အသိအမှတ်ပြုသည့်အခါ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ မြီစားနှင့်ပတ်သက်သည့်မှုခင်းတွင် နိုင်ငံခြားသားကိုယ်စားလှယ်သည် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

**ဤဥပဒေအရ နိုင်ငံခြားမြီရှင်များက လျှောက်ထားခွင့်**

၃၈၁။ (က) ပုဒ်မခွဲ (ခ) အရ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ လူမွဲမှုခင်းတစ်ခုတွင် ပါဝင်သူ သို့မဟုတ် စတင်ဆောင်ရွက်သူ နိုင်ငံခြားမြီရှင်များသည် နိုင်ငံတော်အတွင်းရှိ မြီရှင်များကဲ့သို့ တန်းတူအခွင့်အရေး ရရှိစေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေပါ တောင်းဆိုမှုများ အဆင့်သတ်မှတ်ချက်ကို ထိခိုက်ခြင်း မရှိစေရမည့်အပြင် နိုင်ငံခြားမှ အခွန်အခများ၊ လူမှုဖူလုံရေးဆိုင်ရာတောင်းဆိုချက်များနှင့် ဒဏ်ကြေးငွေများအား ငြင်းပယ်ပိုင်ခွင့်ကိုလည်း ထိခိုက်ခြင်းမရှိစေရ။ သို့ရာတွင် အထက်ပါနိုင်ငံခြားမှ အခွန်အခများ၊ လူမှုဖူလုံရေးဆိုင်ရာ တောင်းဆိုချက်များနှင့် ဒဏ်ကြေးငွေများအပေါ် တောင်းဆိုမှုများမှအပ နိုင်ငံခြားမြီစားတစ်ဦး၏ တောင်းဆိုမှုသည် ဤဥပဒေအရ သတ်မှတ်ထားသည့် ဦးစားပေးမဟုတ်သည့် တောင်းဆိုမှုများ အဆင့်သတ်မှတ်ချက်ထက် မနိမ့်စေရ။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

**မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေ (မူကြမ်း)

## (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၀ ပြည့်နှစ်၊ လ ရက်

(၂၀၁၈ ခုနှစ်၊ လ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး ရက်ပေါင်း ၆၀ ပြည့်မြောက်ပြီးသည့် နေ့ရက်မှစတင်၍ အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဆက်သွယ်ရေး (Telecommunications)** ဆိုသည်မှာ သတင်းအချက်အလက်တစ်ရပ်ရပ်ကို ဝါယာကြိုး၊ ဖိုင်ဘာကြိုး သို့မဟုတ် အခြားသောလျှပ်ကူးကြိုးတစ်ခုခုကို အသုံးပြု၍သော်လည်းကောင်း၊ ရေဒီယိုလှိုင်း၊ အလင်းတန်း၊ အခြားသောလျှပ်စစ်သံလိုက်ဓာတ် ထုတ်လွှတ်သည့် နည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍သော်လည်းကောင်း မူရင်းအတိုင်းဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ထုတ်လွှင့်ခြင်း သို့မဟုတ် ဖမ်းယူခြင်းကို ဆိုသည်။

(ဂ) **ကော်ပိုရေးရှင်း**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းကို ဆိုသည်။

(ဃ) **ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း၊ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အသုံးချဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

(င) **ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ကွန်ရက်အထောက်အကူပြုပစ္စည်းတစ်ခုခုကို လက်ဝယ်ထားရှိပြီး ယင်းကွန်ရက်အထောက်အကူပြုပစ္စည်းကို ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိထားသူအား ငှားရမ်းခြင်း သို့မဟုတ် အဆိုပါကွန်ရက် အထောက်အကူပြုပစ္စည်း အပေါ်တွင် မိမိကိုယ်တိုင်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းကို ဆိုသည်။

(စ) **ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ သတင်းအချက်အလက်ကို အပြန်အလှန်ပေးပို့ရေးအတွက် ဆက်သွယ်ရေးနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ်သက်သက်ကိုသာ ဆောင်ရွက်ပေးသည့် လုပ်ငန်းမပါဝင်။

(ဆ) **အသုံးချဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ကွန်ရက်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကွန်ရက်များကို အသုံးပြု၍ ဝန်ဆောင်မှုပေးသော လုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ်သက်သက်ကိုသာ ဆောင်ရွက်ပေးသည့်လုပ်ငန်းမပါဝင်။

(ဇ) **ဆက်သွယ်ရေးပစ္စည်း**ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေအရ ဝန်ကြီးဌာနက သီးခြားသတ်မှတ်သော ဆက်သွယ်ရေးပစ္စည်းကို ဆိုသည်။

(ဈ) **ကွန်ရက်အထောက်အကူပြုပစ္စည်း**ဆိုသည်မှာ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင်အသုံးပြုသည့် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံ၏ ပစ္စည်းတစ်ခုခုကိုသော်လည်းကောင်း၊ ယင်းပစ္စည်းများ ပေါင်းစပ်ထားရှိမှုကိုသော်လည်းကောင်း ဆိုသည်။

(ည) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေအရ ထုတ်ပေးသော လုပ်ငန်းလိုင်စင်ကို ဆိုသည်။

(ဈ) **ဆက်သွယ်ရေးအခြေစိုက်စခန်းများ**ဆိုသည်မှာ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းအတွက် အသုံးပြုသည့် အခြေစိုက်ဆက်သွယ်ရေးလုပ်ငန်းဌာနများ၊ တယ်လီဖုန်းအိတ်ချိန်းများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုပေးသောဌာနများနှင့် ဆက်သွယ်ရေးစခန်းများကို ဆိုသည်။

(ည) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဋ) **စီမံခန့်ခွဲရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ကော်ပိုရေးရှင်း၏စီမံခန့်ခွဲရေးအဖွဲ့ကို ဆိုသည်။

(ဌ) **မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**ဆိုသည်မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းအဖြစ် ဖွဲ့စည်းခဲ့သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ဆိုသည်။

(ဍ) **အမှုဆောင်အရာရှိချုပ်**ဆိုသည်မှာ ကော်ပိုရေးရှင်း၏ အကြီးအမှူးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူပြုစေရေးအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ကိုင်နိုင်သော ကော်ပိုရေးရှင်းအဖြစ် ဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊

(ခ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကော်ပိုရေးရှင်းနှင့် စီမံခန့်ခွဲရေးအဖွဲ့တို့အား လုပ်ပိုင်ခွင့်များအပ်နှင်းရန်၊

(ဂ) ကော်ပိုရေးရှင်း၏ လုပ်ငန်းနှင့်ငွေကြေးသုံးစွဲမှုစနစ်ကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်ရန်၊

(ဃ) ကော်ပိုရေးရှင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအပြင် ယင်းလုပ်ငန်းနှင့်ဆက်စပ်သည့် အခြားစီးပွားရေးလုပ်ငန်းများတွင်လည်း တည်ဆဲဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်၊

(င) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(စ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ နှစ်နိုင်ငံသဘောတူညီချက်အရ စာချုပ်ဝင်နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဖွဲ့စည်းခြင်း

၅။ (က) မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသည့် ဖွဲ့စည်းပုံအတိုင်း ကနဦးတည်ထောင်ထားရှိရမည်။

(ခ) ကော်ပိုရေးရှင်းသည် ဤဥပဒေအရသတ်မှတ်သည့် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကော်ပိုရေးရှင်းဖွဲ့စည်းပုံနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

၆။ ကော်ပိုရေးရှင်းသည် -

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသော အဖွဲ့အစည်းဖြစ်သည်။

(ခ) နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများကိုလည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းက ပိုင်ဆိုင်သောငွေကြေးများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့်ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

(ဂ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့်ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်မှ လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့် ရရှိသော မြေ၊ အဆောက်အအုံ၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း ရယူခွင့်၊ လက်ဝယ်ထား ပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိသည်။

(ဃ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိနေသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း များကို ဆက်ခံရမည်။

(င) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ဖက်စပ်ဖြစ်စေ၊ အကျိုးတူဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ဖြစ်စေ ပူးပေါင်းဆောင်ရွက်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားလုပ်ငန်း များကို ဆက်ခံရမည်။

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ရရှိထားသော လုပ်ငန်းလိုင်စင်၊ အသုံးပြုခွင့်နှင့် ခွင့်ပြုချက်များကို ဆက်ခံရမည်။

(ဆ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပဋိညာဉ်စာချုပ် သို့မဟုတ် သဘောတူစာချုပ် ချုပ်ဆို၍ဖြစ်စေ၊ ကုန်ဝယ်အမှာစာ (Purchase Order) ဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း များနှင့် အခြားလုပ်ငန်းများကို ဆက်ခံရမည်။

(ဇ) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆို ပိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိသည်။

၇။ ကော်ပိုရေးရှင်းသည် ဤဥပဒေ၏ရည်ရွယ်ချက်များနှင့် မိမိ၏ရည်မှန်းချက်များ တိုးတက်အောင်မြင် စေရေးအတွက် လိုအပ်ပါက လက်ရှိဖွဲ့စည်းပုံကို ပိုမိုသင့်လျော်သည့်ဖွဲ့စည်းပုံအဖြစ် ဝန်ကြီးဌာန၏အတည် ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း

၈။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များနှင့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လမ်းညွှန်မှုပြုနိုင်ရန်နှင့် စီမံခန့်ခွဲမှုပြုနိုင်ရန် ဥက္ကဋ္ဌအပါအဝင်အဖွဲ့ဝင်ဦးရေ အနည်းဆုံး ခုနစ်ဦးမှ အများဆုံး ၁၁ ဦးအထိ ပါဝင်သော စီမံခန့်ခွဲရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသူ | ဥက္ကဋ္ဌ |
| (၂) | အမှုဆောင်အရာရှိချုပ် | အဖွဲ့ဝင် |
| (၃) | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသူတစ်ဦး | အဖွဲ့ဝင် |
| (၄) | စီမံခန့်ခွဲရေးလုပ်ငန်းကျွမ်းကျင်သူတစ်ဦး | အဖွဲ့ဝင် |
| (၅) | စီးပွားရေးလုပ်ငန်းကျွမ်းကျင်သူတစ်ဦး | အဖွဲ့ဝင် |
| (၆) | ဥပဒေဆိုင်ရာကျွမ်းကျင်သူတစ်ဦး | အဖွဲ့ဝင် |
| (၇) | ဆက်သွယ်ရေးဆိုင်ရာဘာသာရပ်ကျွမ်းကျင်သူများ | အဖွဲ့ဝင်များ |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် စီမံခန့်ခွဲရေးအဖွဲ့ကို သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၉။ စီမံခန့်ခွဲရေးအဖွဲ့သည် -

(က) စီမံခန့်ခွဲရေးအဖွဲ့ဝင်များထဲမှ တစ်ဦးကို အတွင်းရေးမှူးအဖြစ် ရွေးချယ်တာဝန်ပေးအပ်ရမည်။

(ခ) လိုအပ်ပါက စီမံခန့်ခွဲရေးအဖွဲ့ဝင်များထဲမှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ရွေးချယ်တာဝန်ပေးနိုင်သည်။

၁၀။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၈ အရ စီမံခန့်ခွဲရေးအဖွဲ့ကို ပထမအကြိမ်ဖွဲ့စည်းရာတွင် အမှုဆောင်အရာရှိချုပ်အဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးကို တာဝန်ပေးအပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်သည့် အမှုဆောင်အရာရှိချုပ်၏ ရာထူးသက်တမ်းကုန်ဆုံးသည့်အခါဖြစ်စေ၊ အကြောင်းတစ်စုံတစ်ရာကြောင့် ယင်း၏ရာထူးနေရာ လစ်လပ်သည့်အခါဖြစ်စေ ဝန်ကြီးဌာနသည် စီမံခန့်ခွဲရေးအဖွဲ့က ထောက်ခံတင်ပြသည့် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တစ်ဦးကို အမှုဆောင်အရာရှိချုပ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ခန့်အပ်တာဝန်ပေးရမည် -

(၁) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းအတွေ့အကြုံရှိပြီး အသက် (၃၅) နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

(၂) စီမံခန့်ခွဲရေးကိစ္စများတွင် တာဝန်ရှိသူအဖြစ် ဆောင်ရွက်ခဲ့ဖူးခြင်း၊

(၃) ကော်ပိုရေးရှင်း၏ အကျိုးစီးပွားကို ထိခိုက်ဖွယ်ရာရှိသည့် လုပ်ငန်းတစ်ခုခုတွင် ဆောင်ရွက်သူမဟုတ်ခြင်း၊

(၄) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ ရာထူးတာဝန်မှ ထုတ်ပယ်ခြင်း သို့မဟုတ် ရပ်စဲခြင်းခံရသူမဟုတ်ခြင်း။

၁၁။ စီမံခန့်ခွဲရေးအဖွဲ့ဝင်အဖြစ် ခန့်ထားခြင်းခံရသောပုဂ္ဂိုလ်သည် စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရာရှိသည့် ငွေရေးကြေးရေးအကျိုးခံစားခွင့် သို့မဟုတ် အခြား အကျိုးသက်ဆိုင်ခွင့်များနှင့် ကင်းရှင်းသူဖြစ်ရမည်။

၁၂။ (က) စီမံခန့်ခွဲရေးအဖွဲ့ဝင်သည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရေးအဖွဲ့က ပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် ပဋိညာဉ်တွင်သော်လည်းကောင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှု သို့မဟုတ် ဆက်သွယ်ရေးပစ္စည်းရောင်းမှု၊ ဝယ်မှု၊ ငှားရမ်းမှု တစ်ခုခုတွင်သော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တစ်နည်းနည်းဖြင့် အကျိုးသက်ဆိုင်နေပါက မိမိမည်သို့အကျိုးသက်ဆိုင်ကြောင်းကို ယင်းကိစ္စအတွက် အစည်းအဝေး မကျင်းပမီဖြစ်စေ၊ ကျင်းပသည့်အခါဖြစ်စေ စီမံခန့်ခွဲရေးအဖွဲ့သို့ ထုတ်ဖော်ပြောဆိုရမည်။

(ခ) ပုဒ်မခွဲ (က) အရ အစည်းအဝေးမကျင်းပမီ ထုတ်ဖော်ကြေညာသည့်အခါ အဆိုပါ စီမံခန့်ခွဲရေးအဖွဲ့ဝင်အား အစည်းအဝေးတွင် တက်ရောက်ဆွေးနွေးခွင့် မရှိစေရ။ အကယ်၍ အစည်းအဝေးကျင်းပသည့်အခါ ထုတ်ဖော်ကြေညာခြင်းဖြစ်လျှင် ထိုအစည်းအဝေး၌ အဆိုပါစီမံခန့်ခွဲရေးအဖွဲ့ဝင်အား အစည်းအဝေးတွင် ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်းပြုရာတွင် ပါဝင်ခွင့်မရှိစေရ။

(ဂ) စီမံခန့်ခွဲရေးအဖွဲ့သည် ပုဒ်မခွဲ (က) ပါ ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရေးအဖွဲ့ဝင်တစ်ဦးဦးက ငွေရေးကြေးရေး အကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့်ရှိ မရှိ အဆုံးအဖြတ်ပြုနိုင်သည်။

၁၃။ (က) စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် စတင်ခန့်အပ်သည့်နေ့မှ ငါးနှစ်ဖြစ်သည်။ အကြောင်းတစ်စုံတစ်ရာကြောင့် စီမံခန့်ခွဲရေးအဖွဲ့ဝင်တစ်ဦးဦး ရာထူးနေရာလစ်လပ်သဖြင့် အစားထိုးခန့်အပ်တာဝန်ပေးသည့်အခါ ထိုသို့ အစားထိုးခန့်အပ်တာဝန်ပေးခြင်းခံရသည့် စီမံခန့်ခွဲရေးအဖွဲ့ဝင်တစ်ဦးဦး၏ ရာထူးသက်တမ်းသည် အစားထိုးခန့်အပ်တာဝန်ပေးသည့်နေ့မှ ငါးနှစ်ဖြစ်သည်။

(ခ) အမှုဆောင်အရာရှိချုပ်မှအပ စီမံခန့်ခွဲရေးအဖွဲ့ဝင်များသည် ရာထူးသက်တမ်းတစ်ဆက်တည်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မရှိစေရ။

(ဂ) အမှုဆောင်အရာရှိချုပ်မှအပ စီမံခန့်ခွဲရေးအဖွဲ့ဝင်တစ်ဦးဦးသည် ရာထူးသက်တမ်းကုန်ဆုံးသော်လည်း ထိုရာထူးနေရာအတွက် ပုဒ်မ ၈ နှင့် ၉ တို့အရ အသစ်ရွေးချယ်ခန့်ထားပြီး လုပ်ငန်းတာဝန်လွှဲပြောင်းပေးပြီးသည့်အချိန်အထိ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရမည်။

၁၄။ ဝန်ကြီးဌာနသည် စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်တို့ကို သတ်မှတ်ပေးရမည်။

၁၅။ ဝန်ကြီးဌာနသည် အောက်ပါအကြောင်း တစ်ရပ်ရပ်ပေါ်ပေါက်သော စီမံခန့်ခွဲရေးအဖွဲ့ဝင် တစ်ဦးဦးအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရာထူးတာဝန်မှ ရပ်စဲနိုင်သည် -

(က) ဝန်ကြီးဌာနကရရှိသည့် သတင်းအချက်အလက်အရ စီမံခန့်ခွဲရေးအဖွဲ့ဝင်တစ်ဦး၏ ရာထူးတာဝန်နှင့်ထိုက်တန်မှု မရှိကြောင်း တွေ့ရှိခြင်း၊

(ခ) ကော်ပိုရေးရှင်း၏ အကျိုးစီးပွားထိခိုက်စေသော အခြားလုပ်ငန်းတစ်ခုခုကို လက်ခံဆောင်ရွက်ကြောင်း ခိုင်လုံသောအထောက်အထားတွေ့ရှိခြင်း၊

(ဂ) စီမံခန့်ခွဲရေးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းမပြုမီ ကော်ပိုရေးရှင်း၏ ငွေရေးကြေးရေး သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့် တစ်စုံတစ်ရာကို ထိခိုက်စေသည့်လုပ်ဆောင်မှုတစ်ခုခု ပြုလုပ်ခဲ့ကြောင်းပေါ်ပေါက်ခြင်း၊

(ဃ) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ စီမံခန့်ခွဲရေးအဖွဲ့အစည်းအဝေးသို့တက်ရောက်ရန် တစ်ဆက်တည်းသုံးကြိမ် ပျက်ကွက်ခြင်း၊

(င) အကြောင်းတစ်စုံတစ်ရာကြောင့် ရာထူးတာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိခြင်း။

၁၆။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် စီမံခန့်ခွဲရေးအဖွဲ့ဝင် ရာထူးတာဝန်မှ ရပ်စဲသည် -

(က) နုတ်ထွက်ခြင်း၊

(ခ) ကွယ်လွန်ခြင်း၊

(ဂ) ရာထူးသက်တမ်းကုန်ဆုံးခြင်း။

၁၇။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၅ နှင့် ၁၆ တို့ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် စီမံခန့်ခွဲရေးအဖွဲ့ဝင် တစ်ဦးဦးရာထူးနေရာ လစ်လပ်သည့်အခါ ထိုရာထူးနေရာအတွက် ပုဒ်မ ၈ နှင့် ၉ တို့ပါ ပြဋ္ဌာန်းချက်များနှင့် အညီ လစ်လပ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဖြည့်စွက်ခန့်ထားရမည်။

၁၈။ စီမံခန့်ခွဲရေးအဖွဲ့၏ ဆောင်ရွက်ချက်များသည် စီမံခန့်ခွဲရေးအဖွဲ့ဝင်တစ်ဦးဦး လစ်လပ်၍သော်လည်းကောင်း၊ စီမံခန့်ခွဲရေးအဖွဲ့ဝင် တစ်ဦးဦးခန့်ထားရာတွင် ချို့ယွင်းချက်တစ်ခုခုရှိ၍သော်လည်းကောင်း ပျက်ပြယ်ခြင်းမရှိစေရ။

၁၉။ စီမံခန့်ခွဲရေးအဖွဲ့၏ အစည်းအဝေးများကျင်းပခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၅)
## စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၀။ စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ကိုင်နိုင်ရန် မူဝါဒများချမှတ်ခြင်း၊

(ခ) ကော်ပိုရေးရှင်း၏ ငွေကြေးသုံးစွဲမှု၊ ပေးချေမှုစနစ်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ စီမံခန့်ခွဲမှုစနစ်တို့ကို သွက်လက်မြန်ဆန်စွာ ဆောင်ရွက်လုပ်ကိုင်နိုင်စေရန် လမ်းညွှန်ခြင်း၊

(ဂ) နိုင်ငံတော်ပိုင်ဘဏ္ဍာငွေများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို အလေအလွင့်၊ အဆုံးအရှုံး၊ အပျက်အစီးနှင့် အပျောက်အရှမရှိအောင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို စိစစ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဃ) ပြည်တွင်းပြည်ပ၌ ဆက်သွယ်ရေးဝန်ဆောင်မှုရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊

(င) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက အကြံပေးပုဂ္ဂိုလ်များကို ခန့်အပ်ခြင်းနှင့် ၎င်းတို့အတွက် ချီးမြှင့်ငွေနှင့်စရိတ်တို့ သတ်မှတ်ပေးခြင်း၊

(စ) ကော်ပိုရေးရှင်းက ဆောင်ရွက်နေသည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုလုံး၏ အောင်မြင်မှုနှင့် ဆုံးရှုံးမှုတို့ကို တာဝန်ခံ၍ဆောင်ရွက်ခြင်း၊

(ဆ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအဝဝကို ဝန်ကြီးဌာနသို့တာဝန်ခံ၍ ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတော်က လွှဲအပ်ပေးသည့်ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိခြင်း၊

(ဈ) ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးကိစ္စများကို ကော်ပိုရေးရှင်း၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မှု ရှိ မရှိ စိစစ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ည) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၂၁။ စီမံခန့်ခွဲရေးအဖွဲ့သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အောက်ပါတို့ကို လုပ်ပိုင်ခွင့်ရှိသည် -

(က) ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများကို ပြည်တွင်းပြည်ပရှိ ဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများထံမှ ဥပဒေနှင့်အညီ ငွေချေးယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်း၊ ငွေထုတ်ချေးခြင်း၊ ပြန်လည်ရယူခြင်းနှင့် အထောက်အပံ့များရယူခြင်း၊

(ခ) နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ကာကွယ်ရေးနှင့် အရေးပေါ်ကိစ္စရပ်များတွင် ငွေကြေးအကျိုးအမြတ်မယူဘဲ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည့်အားလျော်စွာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တစ်ခုချင်းအလိုက်စိစစ်၍ သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိရန် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တည်ဆဲဥပဒေများနှင့်အညီလျှောက်ထားခြင်း၊

(ဂ) ကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ဆောင်မှု ပိုမိုအားကောင်းလာစေရေးအတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် သီးခြားသဘောတူစာချုပ် ချုပ်ဆို၍ ဖက်စပ်ကုမ္ပဏီ တည်ထောင်လုပ်ကိုင်ခြင်း၊ ပြည်တွင်းပြည်ပမှ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား လွှဲပြောင်းယူခြင်း၊

(ဃ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ကော်ပိုရေးရှင်း၏ မတည်ရင်းနှီးငွေများဖြင့် တည်ထောင်သောလက်အောက်ခံကုမ္ပဏီများကို အများနှင့်မသက်ဆိုင်သောကုမ္ပဏီအဖြစ်လည်းကောင်း၊ အများပြည်သူတို့၏ အစုရှယ်ယာများ ဖိတ်ခေါ်ထည့်ဝင်စေပြီး အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ်လည်းကောင်း တည်ထောင်လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(င) ကော်ပိုရေးရှင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအပြင် ယင်းလုပ်ငန်းနှင့်ဆက်စပ်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများနှင့် ထုတ်လုပ်မှုလုပ်ငန်းများကို တည်ဆဲဥပဒေနှင့်အညီ တိုးချဲ့လုပ်ကိုင်ရေးအတွက် လက်အောက်ခံကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်လုပ်ကိုင်ခြင်း၊

(စ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းပြည်ပကုမ္ပဏီ၊ အဖွဲ့အစည်းတို့ဖက်စပ်ဖြစ်စေ၊ အကျိုးတူဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ပူးပေါင်း၍ဖြစ်စေ သဘောတူစာချုပ် ချုပ်ဆို၍ လုပ်ကိုင်ခဲ့သည့်လုပ်ငန်းတစ်ရပ်ရပ်ကို ကော်ပိုရေးရှင်းက ဆက်လက်၍ လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါက နှစ်ဖက်သဘောတူညီချက်ဖြင့် မူလချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်နှင့်အညီ ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် မူလချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်ကိုပြင်ဆင်၍ လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် လုပ်ငန်းရပ်ဆိုင်းရန်နှင့် ရပ်စဲရန်ရှိပါက စာချုပ်ရပ်ဆိုင်းခြင်းနှင့် ရပ်စဲခြင်း၊

(ဆ) ကော်ပိုရေးရှင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ဆက်သွယ်ရေးဝန်ဆောင်မှုနှင့် ဆက်စပ်သည့်လုပ်ငန်းများကို တစ်နည်းနည်းဖြင့် လုပ်ကိုင်ဆောင်ရွက်ရန် ကော်ပိုရေးရှင်းနှင့် ပြည်တွင်းပြည်ပကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တို့ သဘောတူစာချုပ်ချုပ်ဆိုခြင်း၊ စာချုပ်ရပ်ဆိုင်းခြင်းနှင့် စာချုပ်ရပ်စဲခြင်း၊

(ဇ) နည်းပညာတိုးတက်ပြောင်းလဲမှုအရ ခေတ်မမီသော သို့မဟုတ် သက်တမ်းမကုန်သေးသော ဆက်သွယ်ရေးပစ္စည်းများအား သတ်မှတ်ချက်များနှင့်အညီ အစားထိုးလဲလှယ်ခြင်း သို့မဟုတ် စာရင်းရှင်းလင်းပယ်ဖျက်ခြင်း၊

(ဈ) ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် လုပ်အားခများကို သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ခြင်းနှင့် ထိုသတ်မှတ်ချက်ကို ပြင်ဆင်ခြင်း၊

(ည) ဆက်လက်ဆောင်ရွက်ရန် မလိုအပ်သော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို တည်ဆဲဥပဒေများနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း။

၂၂။ စီမံခန့်ခွဲရေးအဖွဲ့သည် စက်ပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းအပ်နှံခြင်းတို့နှင့်စပ်လျဉ်းသည့် စာချုပ်စာတမ်းများ၊ ကုန်ဝယ်အမှာစာများနှင့် ပုဒ်မ ၂၁၊ ပုဒ်မခွဲ (စ) တွင် အကျုံးမဝင်သော စာချုပ်စာတမ်းများနှင့် ပတ်သက်၍ ကော်ပိုရေးရှင်းက ဆက်လက်၍ လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါက နှစ်ဖက်သဘောတူညီချက်ဖြင့် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် ပြင်ဆင်၍လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် လုပ်ငန်းရပ်ဆိုင်းရန်နှင့် ရပ်စဲရန်ရှိပါက လုပ်ငန်းရပ်ဆိုင်းခြင်းနှင့် ရပ်စဲခြင်းပြုနိုင်သည်။

## အခန်း (၆)
## ကော်ပိုရေးရှင်း၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၃။ ကော်ပိုရေးရှင်း၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမှုဆောင်အရာရှိချုပ်၏ ကြီးကြပ်စီမံခန့်ခွဲမှုဖြင့် လုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ဝင်ငွေနှင့်အကျိုးအမြတ် တိုးပွားစေရေးအတွက် နိုင်ငံတကာမှ ကျင့်သုံးလျက်ရှိသည့် ခေတ်မီကောင်းမွန်သော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို လေ့လာ၍ ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းအဖွဲ့များကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်၍ ဆောင်ရွက်စေခြင်း၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် သုတေသနဌာနဖွင့်လှစ်၍ စူးစမ်းရှာဖွေမှုများနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုဆိုင်ရာအသိပညာ၊ အတတ်ပညာနှင့်နည်းပညာများ ကျွမ်းကျင်တတ်မြောက်ရေးအတွက် လိုအပ်သော သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြည်ပသို့ ပညာတော်သင်များစေလွှတ်ခြင်း၊

(စ) ဆက်သွယ်ရေးဝန်ဆောင်မှုများကို အများပြည်သူက လွယ်ကူအဆင်ပြေချောမွေ့စွာရယူအသုံးပြု နိုင်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီစဉ်ဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရေး အတွက် ယင်းလုပ်ငန်းများ၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုအပ်ချက်ကို ညှိနှိုင်း၍ ဖြည့်ဆည်းပေးခြင်း၊

(ဇ) ဆက်သွယ်ရေးအခြေစိုက်စခန်းများကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ ဖွင့်လှစ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် မလိုအပ်ပါက ပိတ်သိမ်းထားခြင်း၊

(ဈ) ဆက်သွယ်ရေးလမ်းကြောင်းများကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ လျှော့ချခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် မလိုအပ်ပါက ပိတ်သိမ်းထားခြင်း၊

(ည) ဆက်သွယ်ရေးအခြေစိုက်စခန်းများက တာဝန်ခံ၍လုပ်ဆောင်နိုင်သော အခြားဝန်ထမ်းအဖွဲ့အစည်း များ၏ လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဋ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း စီမံချက်များကို စီမံခန့်ခွဲရေးအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ နှစ်စဉ်တင်ပြခြင်း၊

(ဌ) ကွန်ရက်အထောက်အကူပြုပစ္စည်းနှင့် ဆက်သွယ်ရေးပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်း၊ ရောင်းချခြင်းတို့ကို ဆောင်ရွက်ခြင်း၊

(ဍ) ကော်ပိုရေးရှင်းက ဆောင်ရွက်လျက်ရှိသည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြား လုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြည့်ရှုခြင်း၊ ယင်းလုပ်ငန်းတစ်ရပ်ရပ်နှင့် သက်ဆိုင်သူများကို ဆင့်ဆို၍စစ်မေးခြင်း၊ လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်း၊ လိုအပ်ပါက ထိုသို့ ဆောင်ရွက်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးခြင်း၊

(ဎ) စီမံခန့်ခွဲရေးအဖွဲ့၏သဘောတူညီချက်ဖြင့် နိုင်ငံတော်အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အရေးပေါ်ကိစ္စရပ်များတွင် ငွေကြေးအကျိုးအမြတ်မယူဘဲ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း များကို ဆောင်ရွက်ပေးခြင်း၊

(ဏ) ဆက်သွယ်ရေးဝန်ဆောင်မှုနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ယင်းအဖွဲ့အစည်းဝင်နိုင်ငံများနှင့်လည်းကောင်း၊ နှစ်နိုင်ငံ သဘောတူညီထားသည့် စာချုပ်ဝင်နိုင်ငံများနှင့်လည်းကောင်း ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း။

၂၄။ ကော်ပိုရေးရှင်း၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ဝန်ဆောင်ခများ၊ ကွန်ရက်ချိတ်ဆက်ခများ၊ အခြားအခကြေးငွေနှုန်းထားများကို ဆက်သွယ်ရေးဥပဒေနှင့်အညီ သတ်မှတ်နိုင်ရန်အတွက် အဆိုပြုခြင်း၊

(ခ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ပြည်တွင်းပြည်ပမှ ဝန်ထမ်းများ၊ အကြံပေးများ၊ ကျွမ်းကျင်သောပညာရှင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ခြင်း၊ ငှားရမ်းခြင်း၊ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများ ပေးအပ်ခြင်း၊

(ဂ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်စေရန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ် များကို လွတ်လပ်စွာဆုံးဖြတ်ချက်ချမှတ်၍ ဆောင်ရွက်ခြင်း၊

(ဃ) ဝန်ထမ်းများအတွက် အလုပ်ချိန်များ၊ ခွင့်ရက်ခံစားခွင့်များ၊ အလုပ်ခွင်စည်းမျဉ်းနှင့်စည်းကမ်း များကို အလုပ်သမားဆိုင်ရာ ဥပဒေများနှင့်အညီ သတ်မှတ်ဆောင်ရွက်ခွင့်ရှိခြင်း၊

(င) သက်တမ်းအရ ပယ်ဖျက်ရမည့် ကော်ပိုရေးရှင်းပိုင်ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းပယ်ဖျက်ခြင်း၊

(စ) ကော်ပိုရေးရှင်း ပိုင်ဆိုင်သော သို့မဟုတ် ခွင့်ပြုချက်ရရှိထားသော အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်များ (Intellectual Property Rights) အား ကော်ပိုရေးရှင်း၏ ခွင့်ပြုချက်မရှိဘဲ အသုံးပြုသူကို တရားစွဲဆိုခြင်း။

## အခန်း (၇)
## ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ခြင်း

၂၅။ ကော်ပိုရေးရှင်းသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို ဆက်သွယ်ရေးဥပဒေနှင့် အညီ လုပ်ငန်းလိုင်စင်ရယူ၍ ဆောင်ရွက်နိုင်သည်။

၂၆။ ကော်ပိုရေးရှင်းသည် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည် -

(က) လက်အောက်ခံကုမ္ပဏီ သီးခြားတည်ထောင်၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်ဆက်စပ်သည့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း၊

(ခ) မိမိပိုင်ပစ္စည်းများနှင့် လုပ်ကိုင်ခွင့်ရရှိသောပစ္စည်းများကို စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုနှင့်ဆက်စပ်သည့် အခြားစီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း။

၂၇။ ကော်ပိုရေးရှင်းသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်အလို့ငှာ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် သဘောတူစာချုပ် ချုပ်ဆို၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်ကို တည်ဆောက် - လုပ်ကိုင် - လွှဲပြောင်း (Build Operate Transfer - BOT) စနစ် စသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်သည့် စနစ်တစ်မျိုးမျိုးဖြင့် လုပ်ကိုင်ရန် စီမံချက်ရေးဆွဲ၍ ဝန်ကြီးဌာန၏ အတည်ပြုချက်ရယူပြီး ဆောင်ရွက်နိုင်သည်။

## အခန်း (၈)
## ဝန်ထမ်းရေးရာကိစ္စများ

၂၈။ ကော်ပိုရေးရှင်းသည် မိမိဝန်ထမ်းများ၏အရည်အချင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းအမျိုးအစား၊ ဝန်ထမ်းတစ်ဦးချင်း တာဝန်ခွဲဝေပုံနှင့် တာဝန်ခံမှုတို့ကို ဖွဲ့စည်းပုံအရ လိုအပ်သလိုသတ်မှတ်ထားရှိရမည်။

၂၉။ ဝန်ကြီးဌာနသည် -

(က) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများက ဤဥပဒေအရ ဖွဲ့စည်းသော ကော်ပိုရေးရှင်းသို့ ၎င်းတို့ဆန္ဒအရ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့်အခါ ယင်းဝန်ထမ်းများ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ရာထူးတာဝန်နှင့်ရပိုင်ခွင့်အောက် လျော့နည်းခြင်းမရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ခ) ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့ထမ်းဆောင်ရန် ဆန္ဒမပြုသော ဝန်ထမ်းများကို မိမိ၏ ဝန်ကြီးဌာန လက်အောက်ရှိ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခြားပြည်ထောင်စုဝန်ကြီးဌာနလက်အောက်ရှိ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ ပြောင်းရွှေ့နေရာချထားပေးနိုင်သည်။

(ဂ) ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသည့်အပြင် ပုဒ်မခွဲ (ခ) အရ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုလျှင် သော်လည်းကောင်း၊ အခြားဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ ပြောင်းရွှေ့နေရာချထားခြင်း မပြုနိုင်လျှင် သော်လည်းကောင်း ထိုဝန်ထမ်းများအား တည်ဆဲဥပဒေနှင့်အညီ လျော်ကြေးပင်စင်ခံစားခွင့်ပြုရမည်။

၃၀။ ဝန်ကြီးဌာနသည် -

(က) အောက်ပါကိစ္စရပ်များအတွက် ကော်ပိုရေးရှင်း၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရန်စီစဉ်ဆောင်ရွက်ပေးရမည် -

(၁) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပင်စင်ခံစားခွင့်များ၊

(၂) ဤဥပဒေအရဖွဲ့စည်းသည့် ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် လုပ်သက်ဆုငွေ၊ ချီးမြှင့်ငွေ၊ အငြိမ်းစားလစာနှင့် အငြိမ်းစားယူမှုဆိုင်ရာကိစ္စများ၊

(၃) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြည်ပချေးငွေ ပြန်လည်ပေးဆပ်ရန်တာဝန်များ။

(ခ) ကော်ပိုရေးရှင်းအတွက် လုပ်ငန်းလည်ပတ်ရန် လိုအပ်သော ကနဦးမတည်ရင်းနှီးငွေကို ကော်ပိုရေးရှင်းက အဆိုပြုတင်ပြစေပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ စိစစ်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တောင်းခံရမည်။

၃၁။ အမှုဆောင်အရာရှိချုပ်သည် စီမံခန့်ခွဲရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ -

(က) ဝန်ထမ်းများအား ခန့်အပ်ရာတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုခြင်းကို တည်ဆဲအလုပ်သမားဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ဝန်ထမ်းဖွဲ့စည်းပုံအရ ခန့်အပ်တာဝန်ပေးခြင်း၊ အရည်အချင်းသတ်မှတ်ခြင်း၊ ဝန်ထမ်းများ၏ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများ၊ ဝန်ထမ်းစည်းကမ်းများ၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ပြောင်းရွှေ့ခြင်း၊ အနားယူခွင့်ပေးခြင်း၊ နုတ်ထွက်ခွင့်ပြုခြင်း၊ အရေးယူအပြစ်ပေးခြင်းနှင့် ရာထူးမှဖယ်ရှားခြင်း စသည့် ဝန်ထမ်းရေးရာကိစ္စများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၃၂။ ကော်ပိုရေးရှင်းသည် -

(က) ကော်ပိုရေးရှင်း ဝန်ထမ်းများ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ ဥပဒေနှင့်အညီရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်။

(ခ) ကော်ပိုရေးရှင်းဝန်ထမ်းများအား ခေတ်မီဆန်းသစ်သော ဆက်သွယ်ရေးဝန်ဆောင်မှုနည်းပညာများ တတ်မြောက်စေရေးအတွက် ပြည်တွင်းပြည်ပ၌ ကျင်းပသော အခမ်းအနားများ၊ ဆွေးနွေးပွဲများနှင့် သင်တန်းများ တက်ရောက်လေ့လာဆည်းပူးစေရန် စီစဉ်ဆောင်ရွက်ပေးရမည်။

(ဂ) ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ ကော်ပိုရေးရှင်းဝန်ထမ်းများကို မှတ်ပုံတင်၍ ထည့်ဝင်ကြေးငွေပေးသွင်းပြီး အာမခံထားရှိရေး၊ အလုပ်တွင်ထိခိုက်မှုအာမခံ အကျိုးခံစားခွင့်ရရှိရေးနှင့် အခြားလူမှုဖူလုံရေး အကျိုးခံစားခွင့်တို့အတွက် လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းဌာနအသီးသီးရှိ တာဝန်ခံဝန်ထမ်းများက ၎င်းတို့တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်း၏အောင်မြင်မှုနှင့် ဆုံးရှုံးမှုတို့ကို တာဝန်ခံစေရန် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

## အခန်း (၉)
## ဆုကြေးငွေချီးမြှင့်ခြင်း

၃၃။ အမှုဆောင်အရာရှိချုပ်သည် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်အပေါ်တွင်လည်းကောင်း၊ ကော်ပိုရေးရှင်း၏လုပ်ငန်းအောင်မြင်မှုအပေါ်တွင်လည်းကောင်း သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ တွက်ချက်ထားသောဆုကြေးကို စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆုကြေးရန်ပုံငွေမှ ခံစားခွင့်ပြုနိုင်သည်။

## အခန်း (၁၀)
## ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် စာရင်းများ

၃၄။ ကော်ပိုရေးရှင်းသည် အောက်ပါရငွေများဖြင့် မိမိ၏ဘဏ္ဍာရန်ပုံငွေကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထူထောင်ထားရှိရမည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများ၊

(ခ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပိုင် ပြည်တွင်းပြည်ပရှိငွေကြေးများ၊ ရန်ပုံငွေများ၊ နိုင်ငံခြားသုံးငွေများ၊ သက်ဆိုင်ရာလုပ်ငန်းများသို့ ကြိုတင်ထုတ်ပေးငွေများ၊ ကြွေးမြီများ၊ ငွေကြေးဆိုင်ရာ အခြားအခွင့်အရေးများ၊ အဆိုပါပိုင်ဆိုင်မှုများမှ ဆင့်ပွားဖြစ်လာသည့် အတိုးရငွေနှင့် အကျိုးအမြတ်များ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ရှယ်ယာများ၊ ချေးငွေစာချုပ်များ၊ ချေးငွေပေးထားသည့် ဒီဗင်ချာများ၊ အာမခံလုပ်ငန်းနှင့်သက်ဆိုင်သည့်ငွေများ၊

(ဂ) စုဆောင်းငွေမှ အတိုးရငွေများ၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းတစ်ခုခုတွင် ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်ရာမှရရှိသော အကျိုးအမြတ်များ။

၃၅။ ကော်ပိုရေးရှင်းသည် -

(က) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လွှဲပြောင်းရယူမည့် နိုင်ငံတော်ပိုင် ပုံသေပစ္စည်းများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ စာရင်းရှိတန်ဖိုး (Book Value) ဖြင့် ခန့်မှန်းတန်ဖိုးတွက်ချက်၍ နိုင်ငံတော်၏ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအဖြစ် နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများတွင် ထည့်သွင်းဖော်ပြထားရမည်။

(ခ) မိမိပိုင်မတည်ငွေရင်းများဖြင့် အများနှင့်မသက်ဆိုင်သောကုမ္ပဏီ (Private Company) ကိုဖြစ်စေ၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (Public Company) ကိုဖြစ်စေ၊ ဖက်စပ်ကုမ္ပဏီ (Joint-venture Company) ကိုဖြစ်စေ တည်ထောင်သည့်အခါ မိမိထည့်ဝင်သည့် မတည်ငွေရင်းများကို ကာလပေါက်ဈေးတန်ဖိုး (Market Value) ဖြင့် တန်ဖိုးသင့်၍ထည့်ဝင်ရမည်။

(ဂ) နှစ်စဉ်ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းစီမံချက်နှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းတို့ကို ရေးဆွဲပြီး စီမံခန့်ခွဲရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနသို့ ပေးပို့၍ စီမံချက်နှင့်အညီ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

(ဃ) ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်းရငွေသုံးငွေများအား ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ သီးခြားထည့်သွင်း၍ ဖော်ပြရမည်။

(င) ရငွေသုံးငွေများကို ပြည်တွင်းပြည်ပဘဏ်များတွင် ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘဏ်စာရင်းများကို ဖွင့်လှစ်ထားရှိရမည်။

(စ) မိမိရရှိသော နိုင်ငံခြားသုံးငွေကို ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ယူသုံးစွဲခွင့်ရှိသည်။

(ဆ) မိမိလက်အောက်ရှိ လုပ်ငန်းအုပ်စုအလိုက်လည်းကောင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက်လည်းကောင်း ရငွေသုံးငွေအခြေအနေများပေါ်လွင်စေရန် သီးခြားငွေစာရင်းများ ဖွင့်လှစ်ထားရှိရမည်။

(ဇ) တည်ဆဲအခွန်အကောက်ဥပဒေအရ မိမိ၏ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းအတွက် ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ခွင့်မပြုသော ကျသင့်သည့် အခွန်အခများကို ပေးသွင်းရမည်။

၃၆။ ကော်ပိုရေးရှင်းသည် အခွန်အကောက်များနှင့် နိုင်ငံတော်သို့ အမြတ်ငွေခွဲဝေပေးသွင်းပြီးနောက် အောက်ပါရန်ပုံငွေများကို မိမိအသားတင်ပိုလျှံငွေထဲမှ လျာထားသတ်မှတ်၍ သီးခြားစီထူထောင်ထားရှိနိုင်သည် -

(က) ဆုကြေးရန်ပုံငွေ၊

(ခ) ဖွံ့ဖြိုးမှုရန်ပုံငွေ၊

(ဂ) တန်ဖိုးယုတ်လျော့မှုရန်ပုံငွေ၊

(ဃ) အိုနာစာရန်ပုံငွေ၊

(င) သက်သာချောင်ချိရေးရန်ပုံငွေ၊

(စ) အခြားလိုအပ်သောရန်ပုံငွေ။

၃၇။ ကော်ပိုရေးရှင်းသည် -

(က) ဝန်ကြီးဌာနက သတ်မှတ်ထားသည့်အတိုင်း သာမန်အသုံးစရိတ်အောက်တွင် ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ဂ) အရ ထူထောင်သည့် တန်ဖိုးယုတ်လျော့မှုရန်ပုံငွေကို နှစ်စဉ်သီးခြားလျာထား သတ်မှတ်ထားရှိရမည်။

(ခ) ဝန်ထမ်းများ၏စုဆောင်းငွေများနှင့် မိမိ၏အသားတင်ပိုလျှံငွေထဲမှ အချိုးကျထည့်ဝင်ငွေဖြင့် ဝန်ထမ်းများအလုပ်မှ အနားယူသည့်အခါ အထောက်အပံ့ပေးနိုင်ရန် ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ဃ) အရ ထူထောင်သည့် အိုနာစာရန်ပုံငွေဖြင့် စီမံဆောင်ရွက်နိုင်သည်။

၃၈။ ကော်ပိုရေးရှင်းသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် -

(က) နိုင်ငံတော်ပိုင်ဘဏ်မှ သက်သာသောအတိုးနှုန်းဖြင့် ချေးယူသုံးစွဲနိုင်သည်။

(ခ) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ပြည်တွင်းပြည်ပပုဂ္ဂလိက ဘဏ်များ၊ အဖွဲ့အစည်းများထံမှ ငွေချေးယူပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။

၃၉။ ကော်ပိုရေးရှင်းသည် အောက်ပါစာရင်းများကို စီမံခန့်ခွဲရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည် -

(က) ဝန်ထမ်းအင်အားစာရင်း၊

(ခ) ငွေသားအခြေအနေ၊

(ဂ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းစာရင်း၊

(ဃ) ပိုင်ဆိုင်သည့်ပစ္စည်းစာရင်းနှင့်တန်ဖိုးစာရင်း၊

(င) အရှုံးအမြတ်စာရင်း၊

(စ) လက်ကျန်ရှင်းတမ်း။

၄၀။ ကော်ပိုရေးရှင်းသည် -

(က) ဌာနတွင်း ဘဏ္ဍာရေးကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်း၍ ဝင်ငွေ ထွက်ငွေနှင့်စပ်လျဉ်းပြီး စစ်ဆေးကြီးကြပ်စေရမည်။

(ခ) ဌာနတွင်းစာရင်းစစ်အဖွဲ့ဖွဲ့စည်း၍ ကော်ပိုရေးရှင်း၏ ဘဏ္ဍာရေးအရအသုံးစာရင်းများကို ပုံမှန်စစ်ဆေးမှုများ ပြုလုပ်စေရမည်။ ထို့ပြင် ဌာနတွင်းစာရင်းစစ်အဖွဲ့၏ စာရင်းစစ်ဆေးမှုအစီရင်ခံစာကို ပြင်ပမှစာရင်းစစ်ဆေးမှုမပြုလုပ်မီ ဌာနတွင်းဘဏ္ဍာရေးကြီးကြပ်ရေးအဖွဲ့က စိစစ်ပြီး စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြစေရမည်။

(ဂ) မိမိ၏နှစ်ချုပ်စာရင်းစစ် အစီရင်ခံစာကို စီမံခန့်ခွဲရေးအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ နှစ်စဉ်တင်ပြရမည်။

၄၁။ ကော်ပိုရေးရှင်းသည် မိမိ၏ဘဏ္ဍာငွေအရအသုံးစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သို့မဟုတ် မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော စာရင်းစစ်အဖွဲ့ သို့မဟုတ် နိုင်ငံတကာ အသိအမှတ်ပြု စာရင်းစစ်အဖွဲ့၏စစ်ဆေးမှုကို ခံယူရမည်။

၄၂။ ကော်ပိုရေးရှင်းသည် နိုင်ငံတော်က ရာခိုင်နှုန်းပြည့်ပိုင်ဆိုင်သဖြင့် မိမိလုပ်ငန်းမှရရှိလာသော အသားတင် အမြတ်ငွေအနက်မှ ပြည်ထောင်စုအစိုးရအဖွဲ့က နှစ်စဉ်သတ်မှတ်ပေးသည့် အမြတ်ဝေစုကိုလည်းကောင်း၊ တည်ဆဲဥပဒေအရ ကျသင့်သည့်အခွန်အခများကိုလည်းကောင်း နိုင်ငံတော်သို့ ပေးသွင်းရမည်။

## အခန်း (၁၁)
## အထွေထွေ

၄၃။ အမှုဆောင်အရာရှိချုပ်သည် ဤဥပဒေအရ ကော်ပိုရေးရှင်းကဆောင်ရွက်သည့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းအဝဝကို စီမံခန့်ခွဲရေးအဖွဲ့သို့ တာဝန်ခံ၍ ဆောင်ရွက် ရမည်။

၄၄။ စီမံခန့်ခွဲရေးအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ကော်ပိုရေးရှင်း၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံပေးရမည်။

၄၅။ စီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် ကော်ပိုရေးရှင်း၏ အရာထမ်း၊ အမှုထမ်းများသည် ဤဥပဒေပါ ပြဋ္ဌာန်း ချက်များအရ ပေးအပ်သောတာဝန်ကို ဆောင်ရွက်နေသည့်အချိန်တွင် ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၆။ ကော်ပိုရေးရှင်းကဖြစ်စေ၊ ကော်ပိုရေးရှင်းနှင့် ပူးပေါင်းဖွဲ့စည်းသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်ကဖြစ်စေ ရရန်ပိုင်ခွင့်နှင့် တရားဝင်ဆောင်ရွက်ပိုင်ခွင့်တို့အတွက် တရားမကြောင်းဖြင့်စွဲဆိုသော အမှုများသည် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား၊ အပိုဒ် ၁၄၉ နှင့် သက်ဆိုင်စေရမည်။

၄၇။ ကော်ပိုရေးရှင်းပိုင် ငွေကြေးနှင့်ပစ္စည်းများသည် နိုင်ငံတော်ပိုင်ပစ္စည်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

(ဂ) စီမံခန့်ခွဲရေးအဖွဲ့နှင့် ကော်ပိုရေးရှင်းတို့သည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## အမိန့်ကြော်ငြာစာအမှတ် (၁၀၇၈/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးရုံးများနှင့်

တရားရုံးအဆင့်ဆင့်ရှိ လုပ်ငန်းများနှင့် တာဝန်များကို စနစ်တကျနှင့် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်လည်းကောင်း၊ ဌာနဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရေးအတွက် ကြီးကြပ်ကွပ်ကဲမှုနှင့် အကဲဖြတ်စိစစ်မှုများ ပြုလုပ်နိုင်ရန်လည်းကောင်း၊ ဝန်ထမ်းရေးရာကိစ္စများ၊ ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စများကို စနစ်တကျစီမံကြီးကြပ်ကွပ်ကဲလမ်းညွှန်ဆောင်ရွက်နိုင်ရန်လည်းကောင်း **ပြည်ထောင်စုတရားလွှတ်တော်ချုပ်စီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးထွန်းထွန်းဦး<br>ပြည်ထောင်စုတရားသူကြီးချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဦးသာဌေး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | အဖွဲ့ဝင် |
| (ဂ) | ဦးမြင့်အောင်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်ဇော်သိန်း<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | အဖွဲ့ဝင် |
| (င) | ဦးမြဟန်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | အဖွဲ့ဝင် |
| (စ) | ဦးမျိုးတင့်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | အဖွဲ့ဝင် |
| (ဆ) | ဦးစိုးနိုင်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | အဖွဲ့ဝင် |
| (ဇ) | ဦးခင်မောင်ကြည်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | အဖွဲ့ဝင် |
| (ဈ) | ဦးမျိုးဝင်း<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုတရားသူကြီးချုပ်ရုံး | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| (ဌ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ထောက်ပံ့)<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဍ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (လေ့ကျင့်/သုတေသန)<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဎ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (တရားစီရင်ရေး)<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| (ဏ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ထုံး/စစ်ဆေးရေး)<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| (တ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုတရားသူကြီးချုပ်ရုံး | အတွင်းရေးမှူး |

၂။ **ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ** သည် နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာရေးနှင့် ဌာနဆိုင်ရာလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စွာဆောင်ရွက်ရေး၊ ဝန်ထမ်းရေးရာကိစ္စများ၊ ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စများကို စနစ်တကျ စီမံကွပ်ကဲဆောင်ရွက်ရေးအတွက် အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည် -

(က) တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်လည်းကောင်း၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့မှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်လည်းကောင်း ညီညွတ်စွာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်၊

( ခ ) တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာသတ်မှတ်ပေးရန်နှင့် သတ်မှတ်ထားသော တာဝန်များအတိုင်း တိကျစွာ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်၊

( ဂ ) တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးတစ်ရုံးစီ၏ လုပ်ငန်းပမာဏကို လေ့လာဆန်းစစ်၍ လုပ်ငန်းပမာဏနှင့် လျော်ညီသော ဝန်ထမ်းအင်အားကို တစ်နိုင်ငံလုံး၏ ဖွဲ့စည်းပုံအင်အားဘောင်အတွင်းမှ ထားရှိရေးအတွက် ညှိနှိုင်းစီစဉ်ဆောင်ရွက်ရန်၊

(ဃ) လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးနှင့် ဝန်ထမ်းတစ်ဦးချင်း၏ အရည်အသွေး တိုးတက်လာရေးအတွက် လုပ်ငန်းခွင်သင်ကြားရေးနှင့် လေ့ကျင့်ရေး အစီအစဉ်များကိုလည်းကောင်း၊ တရားစီရင်ရေးကဏ္ဍတွင် အတွေ့အကြုံနှင့် ဗဟုသုတကြွယ်ဝစေရန် ပြည်ပနိုင်ငံများသို့ ပညာသင်စေလွှတ်ရေး၊ သုတေသနပြုရေးကိစ္စများအတွက် အစီအစဉ်များကိုလည်းကောင်း ချမှတ်ဆောင်ရွက်ရန်၊

( င ) နိုင်ငံတော်အပေါ် ဝန်ထမ်းများထားရှိရမည့် သဘောထားခံယူချက် မှန်ကန်ရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးမှုအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

( စ ) တရားရေးအရာရှိများ၊ တရားရုံးဝန်ထမ်းများ ခန့်ထားခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲလမ်းညွှန်ရန်၊

(ဆ) ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်ကွပ်ကဲလမ်းညွှန်ရန်၊

( ဇ ) အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု တားဆီးရေးနှင့် ဖော်ထုတ်အရေးယူရေးအတွက် စီမံချက်များရေးဆွဲ၍ စီမံချက်အတိုင်း အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်၊

(စျ) တရားစီရင်ရေးလုပ်ငန်း၊ တရားရုံးစီမံခန့်ခွဲရေးလုပ်ငန်းနှင့် ထောက်ပံ့ရေးဆိုင်ရာလုပ်ငန်းများကို ပိုမိုထိရောက်စွာ အထောက်အကူပြုနိုင်မည့်စနစ်နှင့် နည်းပညာများ အသုံးပြုနိုင်ရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(ည) နိုင်ငံတော်သို့ အဆိုပြုတင်ပြတောင်းခံရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်များ၏ ရသုံးမှန်းခြေငွေစာရင်း ထည့်သွင်းလျာထားရန်ကိစ္စနှင့်စပ်လျဉ်း၍ စိစစ်ပြီးလမ်းညွှန်မှုပြုရန်၊

(ဍ) နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ် ကျခံသုံးစွဲခြင်းများနှင့် ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ်ရန်၊

(ဎ) နိုင်ငံတော်ဘဏ္ဍာငွေများ ခြိုးခြံချွေတာသုံးစွဲမှုကိုရှေးရှု၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်၏ ငွေကြေးသုံးစွဲမှုများကို တိကျစွာစိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေး၊ ခြိုးခြံချွေတာစွာသုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်။

၃။ **ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ** သည် အစည်းအဝေးများကို လိုအပ်သလို ခေါ်ယူကျင်းပသွားရန် ဖြစ်ပါသည်။

၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၅၀/၂၀၁၇) ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၇၃/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)

### ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၅) နေရာ၌ ဦးညွန့်တင် (အစား) ဒေါ်သန်းသန်းဝင်း အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)

၁။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ထမ်းရေးရာ၊ စည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၈) ၏ ဆုံးဖြတ်ချက်နှင့် ကော်မရှင်အစည်းအဝေးအမှတ်စဉ် (၅၄/၂၀၁၈) ၏ သဘောတူညီချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး

ကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အောက်ဖော်ပြပါ အရာထမ်း (၁၀) ဦးတို့အား ၎င်းတို့၏ အမည်နှင့် ယှဉ်တွဲဖော်ပြပါ ရာထူး၊ လစာနှုန်းနှင့် ဌာနများသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့် နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန** |
|---|---|---|---|
| (က) | ဦးလွင်အောင် | ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>အုပ်ချုပ်မှုဌာန<br>စီမံရေးရာဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>အုပ်ချုပ်မှုဌာန<br>စီမံရေးရာဦးစီးဌာန |
| (ခ) | ဦးလင်းဝေအောင် | ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>နိုင်ငံတကာရေးရာဌာန<br>စီမံရေးရာဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>နိုင်ငံတကာရေးရာဌာန<br>စီမံရေးရာဦးစီးဌာန |
| (ဂ) | ဒေါ်ခင်မိုးဆွေ | ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>မူဝါဒနှင့် လူ့စွမ်းအားအရင်းအမြစ်<br>စီမံခန့်ခွဲမှုဌာန<br>စီမံရေးရာဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>မူဝါဒနှင့် လူ့စွမ်းအားအရင်းအမြစ်<br>စီမံခန့်ခွဲမှုဌာန<br>စီမံရေးရာဦးစီးဌာန |
| (ဃ) | ဒေါ်အေးမြတ်မွန် | ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>တားဆီးကာကွယ်ရေးဌာန<br>တားဆီးကာကွယ်ရေးနှင့်<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>တားဆီးကာကွယ်ရေးဌာန<br>တားဆီးကာကွယ်ရေးနှင့်<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန |
| (င) | ဦးရဲထက် | ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>စစ်ဆေးရေးဌာန<br>တားဆီးကာကွယ်ရေးနှင့်<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>စစ်ဆေးရေးဌာန<br>တားဆီးကာကွယ်ရေးနှင့်<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန |
| (စ) | ဦးကျော်စိုး | ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ဦးစီးရုံး<br>စီမံရေးရာဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ဦးစီးရုံး<br>စီမံရေးရာဦးစီးဌာန |
| (ဆ) | ဦးသန်းဇော်ဝင်း | ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>စစ်ဆေးရေးဌာန<br>တားဆီးကာကွယ်ရေးနှင့်<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>စစ်ဆေးရေးဌာန<br>တားဆီးကာကွယ်ရေးနှင့်<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန |
| (ဇ) | ဒေါ်မြမြစန်း | ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ဘတ်ဂျက်နှင့် ငွေစာရင်းဌာန<br>စီမံရေးရာဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ဘတ်ဂျက်နှင့် ငွေစာရင်းဌာန<br>စီမံရေးရာဦးစီးဌာန |

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| (ဈ) | ဦးသန်းထွန်းမြင့် | ဒုတိယညွှန်ကြားရေးမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဥပဒေရေးရာဌာန တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာန | ညွှန်ကြားရေးမှူး (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဥပဒေရေးရာဌာန တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာန |
| (ည) | ဦးကျော်ကျော်နိုင် | ဒုတိယညွှန်ကြားရေးမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) သတင်း၊ တိုင်ကြားစာနှင့် မှတ်တမ်းဌာန တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာန | ညွှန်ကြားရေးမှူး (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) သတင်း၊ တိုင်ကြားစာနှင့် မှတ်တမ်းဌာန တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာန |

၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေအပိုဒ် ၅၁ အရ တိုးမြှင့်ခန့်ထားသည့် ရာထူး၏ လစာနှုန်း တန်းတွင် အနိမ့်ဆုံးလစာအဆင့်မှစ၍ သတ်မှတ်ခံစားခွင့်ပြုလိုက်သည်။

အောင်ကြည်
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

အမှတ် ၆၂၈/၂၀၁၈ ။ ။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၈) ၏ သဘောတူညီချက်အရ ဘန်ဒါဆရီဘီဂါဝန်မြို့၊ မြန်မာသံအမတ်ကြီး ဦးထင်လင်း အား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ထိုရာထူးနေရာတွင်ပင် ဒုတိယအကြိမ် တစ်နှစ်ဆက်လက် ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

အမှတ် ၆၅၁/၂၀၁၈ ။ ။ ကူဝိတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအေးခိုင် အား ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များ ကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

အမှတ် ၆၅၉/၂၀၁၈ ။ ။ ဗီယင်ကျန်းမြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဒေါ်သီရိမောင်မောင် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

အမှတ် ၆၆၀/၂၀၁၈ ။ ။ ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးတင့် အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ပီရူးသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

အမှတ် ၆၆၁/၂၀၁၈ ။ ။ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးပေါ်လွင်စိန် အား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှစတင်၍ ယခင်ငြင်းပယ်ခဲ့သည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့မှအစပြု၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

အမှတ် ၆၆၇/၂၀၁၈ ။ ။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၈) ၏ သဘောတူညီချက်အရ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့် အား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ထိုရာထူးနေရာတွင်ပင် စတုတ္ထအကြိမ် တစ်နှစ်ဆက်လက်ခန့်ထားလိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၁၃၉၆/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၅၅/၂၀၁၄) ဖြင့် နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအဖြစ် သတ်မှတ်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ပဲကတိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၈၂၂/မြစ်ကမ်းကွင်း၊ ဦးပိုင်ပေါင်း (၄၀) ခုမှ မြေဧရိယာ ၈၀. ၉၅ ဧက နှင့် တအိမ်တည်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၇၂၉/ ဗိုလ်မင်းမကြီးပင်ကွင်း၊ ဦးပိုင်ပေါင်း (၃) ခုမှ မြေဧရိယာ ၉. ၀၅ ဧက၊ **စုစုပေါင်းမြေဧရိယာ ၉၀. ၀၀ ဧက** အား မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ **အမှတ် (၃) ရဲလေ့ကျင့်ရေးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ ဖော်ပြပါမြေအား **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

### အမိန့်ကြော်ငြာစာ (၁၃၉၈/၂၀၁၈)

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အသုံးပြုရန်မရှိသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် နိုင်ငံတော်သို့ ပြန်လည်အပ်နှံသဖြင့် ပြည်ထဲရေးဝန်ကြီး

ဌာန၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၁၆၀/၂၀၁၇) ဖြင့် နိုင်ငံတော်ပိုင်မြေအဖြစ် သတ်မှတ်ပြီးဖြစ်သည့် မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ရွာတော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - ၈၃၈/ရွာတော်ကွင်း၊ ဦးပိုင်အမှတ် - ၃ မှ မြေဧရိယာ ၁. ၃၆ ဧက၊ ဦးပိုင်အမှတ် - ၄ မှ မြေဧရိယာ ၂. ၂၈ ဧက၊ ဦးပိုင်အမှတ် - ၆ မှ မြေဧရိယာ ၁. ၅၉ ဧက၊ ဦးပိုင်အမှတ် - ၁၁ မှ မြေဧရိယာ ၁. ၃၆ ဧက၊ ဦးပိုင်အမှတ် - ၁၂ မှ မြေဧရိယာ ၁. ၅၉ ဧက၊ ဦးပိုင်အမှတ် - ၂၄ မှ မြေဧရိယာ ၀. ၉၀ ဧက၊ ဦးပိုင်အမှတ် - ၂၅ မှ မြေဧရိယာ ၁. ၈၂ ဧက၊ ဦးပိုင်အမှတ် - ၂၆ မှ မြေဧရိယာ ၁. ၃၆ ဧက၊ ဦးပိုင်အမှတ် - ၂၇ မှ မြေဧရိယာ ၁. ၃၅ ဧက၊ ဦးပိုင်အမှတ် - ၃၄ မှ မြေဧရိယာ ၀. ၉၀ ဧက၊ ဦးပိုင်အမှတ် - ၃၅ မှ မြေဧရိယာ ၁. ၂၃ ဧက၊ ဦးပိုင်အမှတ် - ၃၆ မှ မြေဧရိယာ ၀. ၉၀ ဧက၊ ဦးပိုင်အမှတ် - N/၁ မှ မြေဧရိယာ ၁. ၁၈ ဧက၊ ဦးပိုင်အမှတ် - ၃၃/၁ မှ မြေဧရိယာ ၁. ၃၆ ဧက၊ ကွင်းအမှတ်/အမည် - ၈၃၉/သံပုရာကန်ကွင်း၊ ဦးပိုင်အမှတ် - ၃ မှ မြေဧရိယာ ၁. ၁၄ ဧက၊ ဦးပိုင်အမှတ် - N/၆ မှ မြေဧရိယာ ၁. ၆၀ ဧက၊ **စုစုပေါင်းမြေဧရိယာ ၂၁. ၉၂ ဧက** အား၊ **မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၆ အရ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၄၁၈/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီးမှ လ ၁၆၂၆၂၇ ရဲအုပ် သိန်းလွင် အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲဦးစီးဌာနကြီး၌ပင် တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၄၂၂/၂၀၁၈)

အကျဉ်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၈) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) က ၃၆၅၆ ဦးစီးအရာရှိ ကျော်ရန်နိုင်ထွန်း
ညောင်ရွှေအကျဉ်းထောင်

(ခ) က ၃၆၄၈ ဦးစီးအရာရှိ ဝင်းကျော်မိုး
အင်းစိန်ဗဟိုအကျဉ်းထောင်

(ဂ) က ၃၃၇၈ ဦးစီးအရာရှိ မောင်မောင်လှိုင်
ဒိုက်ဦးအကျဉ်းထောင်

(ဃ) က ၃၅၁၈ ဦးစီးအရာရှိ ကျော်မင်းထွန်း
စီမံရေးဌာနစု

(င) က ၃၅၃၆ ဦးစီးအရာရှိ မြင့်ဦး
အုပ်ချုပ်ရေးဌာနစု

(စ) က ၃၆၉၀ ဦးစီးအရာရှိ နန်းမောင်မောင်
ရှမ်းပြည်နယ်ဦးစီးမှူးရုံး

(ဆ) က ၃၇၀၁ ဦးစီးအရာရှိ မာလာဝင်း
အုပ်ချုပ်မှုဌာန

(ဇ) က ၃၇၁၀ ဦးစီးအရာရှိ လှဝင်းချို
သာယာဝတီဗဟိုအကျဉ်းထောင်

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၂၃/၂၀၁၈)**

အကျဉ်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၇) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) က ၃၆၁၀ ဦးစီးအရာရှိ ဇော်မင်းထွန်း
ကြူအင်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း

(ခ) က ၃၈၁၄ ဦးစီးအရာရှိ သော်လှိုင်ထွန်း
လေ့ကျင့်ရေးဌာန

(ဂ) က ၃၆၇၇ ဦးစီးအရာရှိ စိုးမောင်မောင်သန်း
ကျန်းမာရေးဌာနစု

(ဃ) က ၃၆၇၅ ဦးစီးအရာရှိ သီဂီမြင့်
ထောက်ပံ့ရေးဌာနစု

(င) က ၃၅၉၀ ဦးစီးအရာရှိ ဇော်မြင့်ဦး
တောင်ငူအကျဉ်းထောင်

(စ) က ၃၅၈၀ ဦးစီးအရာရှိ အောင်စောလင်း
လုံခြုံရေးဌာနစု

(ဆ) က ၃၆၁၉ ဦးစီးအရာရှိ ဇော်ဦး
ကျိုက်မရောအကျဉ်းထောင်

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၂၅/၂၀၁၈)**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ လက်ထောက်အတွင်းဝန် (ညွှန်ကြားရေးမှူး) ဦးဇော်ဇော်ဦး (ပ/၄၉၄၄) အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ညွှန်ကြားရေးမှူး) တွင် အတည်ပြုခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၃၂/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူးကြီး (၃) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) ရဲ ၁၈၄၆ ယာယီရဲမှူးကြီး ဆန်းကို
ဌာနမှူး
နိုင်ငံတကာရေးရာဌာန
သတင်းရဲတပ်ဖွဲ့

(ခ) ရဲ ၁၆၅၅ ယာယီရဲမှူးကြီး စိုးမြင့်ဦး
ကွပ်ကဲမှုအဖွဲ့ခွဲမှူး
အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ခွဲ

(ဂ) ရဲ ၁၈၄၄ ယာယီရဲမှူးကြီး ဝင်းချွန်
ကွပ်ကဲမှုအဖွဲ့ခွဲမှူး
အမှတ် (၁၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲ

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၄၃၄/၂၀၁၈)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နေပြည်တော်ရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲ ၁၉၈၅ ယာယီရဲမှူးကြီး ခင်မောင်သော် အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၄၃၇/၂၀၁၈)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးလွင် (ပ/၅၀၃၂) အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ညွှန်ကြားရေးမှူး) တွင် အတည်ပြုခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၄၄၂/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၅၁၂/ကန်ကောက်ကန်တွင်း၊ ဦးပိုင်အမှတ် (၅၃၊ ၅၄၊ ၅၄^၁၊ ၅၅၊ ၅၆၊ ၅၈၊ ၅၉၊ ၆၀) တို့မှ **မြေဧရိယာ ၂၁. ၉၈ ဧက** အား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ **အောင်ပင်လယ် ပင်မဓာတ်အားခွဲရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၄၄၃/၂၀၁၈)

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့၊ ဝါတိုးရပ်ကွက်၊ အကွက်အမှတ်/အမည်-၁၁၉၆/သိမ်တော်ကုန်းတောင်၊ ဦးပိုင်အမှတ် (၂၃/၆၆၂)၊ **မြေဧရိယာ ၀. ၇၅ ဧက** အား အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၊ **အမှတ် (၂) သတ္တုတွင်းလုပ်ငန်းရုံး (ရမည်းသင်းမြို့)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၁၄၄၄/၂၀၁၈)**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့၊ ပြည်သာယာရပ်ကွက်ရှိ အကွက်အမှတ်/အမည်-၇၁/ပြည်သာယာ၊ ဦးပိုင်အမှတ် (၂၃) မှ မြေဧရိယာ ၀. ၀၈၆ ဧက၊ ဦးပိုင်အမှတ် (၂၄) မှ မြေဧရိယာ ၀. ၀၈၆ ဧက၊ ဦးပိုင်အမှတ် (၂၅) မှ မြေဧရိယာ ၀. ၀၈၆ ဧက၊ **စုစုပေါင်းမြေဧရိယာ ၀. ၂၅၈ ဧက** အား သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ **ပျော်ဘွယ်မြို့နယ်သာသနာရေးမှူးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်ခွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၁၄၅၁/၂၀၁၈)**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဆင်ဖြူကျွန်းမြို့ အုပ်ချုပ်ရေးမှူးရုံး အသုံးပြုရန် နိုင်ငံတော်သို့ ပြန်လည်အပ်နှံသဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၃၃၀/၂၀၁၇) ဖြင့် နိုင်ငံတော်ပိုင်မြေအဖြစ် သတ်မှတ်ပြီးဖြစ်သည့် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ သရက်ချဉ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၄၄၂/ ယမ်းဘိုကုန်းကွင်း၊ ဦးပိုင်အမှတ်-၇၄/၂ မှ **မြေဧရိယာ ၀. ၄၉ ဧက** အား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **ဆင်ဖြူကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်ခွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၁၄၅၂/၂၀၁၈)**

ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ပလက်ဝမြို့၊ မြို့မရပ်ကွက်၊ အကွက်အမှတ်/အမည်-၂/မြို့မ၊ ဦးပိုင်အမှတ် (၁/၆၁) မှ **မြေဧရိယာ ၄. ၅၀ ဧက** အား ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ **နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (ရုံးနှင့်ဝန်ထမ်းအိမ်ရာ)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **နယ်စပ်ရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်ခွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **နယ်စပ်ရေးရာဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၁၄၇၅/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၈၅၁/၁၇၀၁၊ ရွှေစေတီကွင်း)၊ ဦးပိုင်အမှတ် (၁၁၀/၈) ရှိ **စုစုပေါင်းမြေဧရိယာ ၀. ၂၈ ဧက** ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်စွဲပါ စာအမှတ်၊ ၁၇၃၁/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၂၈ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၄၇၆/ ၂၀၁၈)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ ဆေးဆိုးပန်းရိုက်စက်ရုံ ရက်ကန်းစင် (၂၀၀) အထည်စက်ရုံ (မကွေး) မှ အသုံးပြုရန်မရှိသဖြင့် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ ဒဟတ်ကန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၆၄၄/ ၂၉၂၅) ဒဟတ်ကန်အနောက်ကွင်း၊ ဦးပိုင်အမှတ် (၈/ ၂၊ ၉၊ ၁၀၊ ၁၁/ ၁၊ ၁၁/ ၂၊ ၁၁/ ၃) ရှိ **စုစုပေါင်းမြေဧရိယာ ၁၅. ၃၉ ဧက** ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်စွဲပါ စာအမှတ်၊ ၁၇၁၅/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ ဆေးဆိုးပန်းရိုက်စက်ရုံ ရက်ကန်းစင် (၂၀၀) အထည်စက်ရုံ (မကွေး) မှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁၅. ၃၉ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၄၇၇/ ၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်၊ ကျုံလမုညောင်ဝိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၁၇၅-တ/ညောင်ဝိုင်း)၊ ဦးပိုင်အမှတ် (၃၁/ ၅+၆၂/ ၁၁) ရှိ **စုစုပေါင်းမြေဧရိယာ ၁. ၉၆ ဧက** ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်စွဲပါ စာအမှတ်၊ ၁၇၂၉/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံ လာသည့် အဆိုပါ **မြေဧရိယာ ၁. ၉၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၄၇၈/ ၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ အင်ပင် ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၈၄၉/အင်ပင်ရွာမ၊ ဦးပိုင်အမှတ် (၃၇၊ ၃၈) ရှိ **စုစုပေါင်းမြေဧရိယာ ၁. ၉၂ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်စွဲပါ စာအမှတ်၊ ၁၇၂၈/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံ လာသည့် အဆိုပါ **မြေဧရိယာ ၁. ၉၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၄၇၉/ ၂၀၁၈)

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အသုံးပြုရန်မရှိသဖြင့် မကွေးတိုင်း ဒေသကြီး၊ မကွေးခရိုင်၊ ချောက်မြို့နယ်၊ ဓာတ်မြေကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၂၂၆၅/ဂဲတက်ကြီး) ဦးပိုင်အမှတ် (၁၉/ ၂၊ ၁၉/ ၄၊ ၁၉/ ၅၊ ၂၀/ ၂ မှ ၂၀/ ၆၊ ၂၁/ ၁ မှ ၂၁/ ၆၊ ၂၂/ ၁၊ ၂၂/ ၂၊ ၂၃-က၊ N-၁) ရှိ မူလရှိ **မြေဧရိယာ ၅၅. ၁၂ ဧက** အနက် **မြေဧရိယာ ၃၁. ၈၄ ဧက** ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

၁၃ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်စွဲပါ စာအမှတ်၊ ၁၇၃၀/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အသုံးပြုရန်မရှိသဖြင့် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃၁. ၈၄ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၀၃/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၈၇/အုပ်ရှစ်ကုန်း)၊ ဦးပိုင်အမှတ် (၁၂/၁၊ ၁၆၊ ၁၈/၁) ရှိ **စုစုပေါင်းမြေဧရိယာ ၄. ၂၄ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်စွဲပါ စာအမှတ်၊ ၁၇၄၁/ ၁ -ကော်မတီ/ မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံ လာသည့် အဆိုပါ **မြေဧရိယာ ၄. ၂၄ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၀၄/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်၊ ရှမ်းစုကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၉၇/ရှမ်းစု)၊ ဦးပိုင်အမှတ် (၉၅/၁၈) ရှိ **စုစုပေါင်းမြေဧရိယာ ၄. ၆၀ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်စွဲပါ စာအမှတ်၊ ၁၇၄၃/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံ လာသည့် အဆိုပါ **မြေဧရိယာ ၄. ၆၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅၀၅/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်၊ တကောကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၂၀-က/ရွှေရောင်ပြ)၊ ဦးပိုင်အမှတ် (၄၀/၂) ရှိ **စုစုပေါင်းမြေဧရိယာ ၀. ၀၆ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်စွဲပါ စာအမှတ်၊ ၁၇၄၄/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံ လာသည့် အဆိုပါ **မြေဧရိယာ ၀. ၀၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

**အမိန့်ကြော်ငြာစာ (၁၅၀၆/၂၀၁၈)**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာနမှ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ မြို့မအုပ်စု၊ အမှတ် (၇) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၄/ဥသျှစ်လှဘုရားကုန်း)၊ ဦးပိုင်အမှတ် (၆၁-က) ရှိ မူလရှိ **မြေဧရိယာ ၄. ၃၁ ဧက** အနက် **မြေဧရိယာ ၀. ၃၇၂ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်စွဲပါ စာအမှတ်၊ ၁၇၄၂/၁ -ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၃၇၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ အရာထမ်း (၃) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးသိန်းငွေ | လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး |
| ၂။ | ဒေါ်ဝေဝေမြင့် | လက်ထောက်ညွှန်ကြားရေးမှူး |
| ၃။ | ဦးထွန်းထွန်းဝင်း | လက်ထောက်ညွှန်ကြားရေးမှူး |

ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နယ်စပ်ရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၅၄/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါဒုတိယညွှန်ကြားရေးမှူး (၃) ဦးအား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၀/၂၀၁၈) ကြိမ်မြောက် အစည်းအဝေး သဘောတူညီချက်အရ စက်မှုလယ်ယာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး ရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်သည့်ရာထူး |
|---|---|---|---|
| (က) | ဦးကိုကို | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| (ခ) | ဦးခင်မောင်ဇင် | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| (ဂ) | ဦးရွှေဝင်း | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၅၅/၂၀၁၈)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အဆင့်ရှိ သုတေသနမှူး (စိုက်ပညာရှင်) ဒေါက်တာမူမူကျော် အား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၀/၂၀၁၈) ကြိမ်မြောက် အစည်းအဝေး သဘောတူညီချက်အရ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူးရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၅၈/၂၀၁၈)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (စိုက်ပညာရှင်) (၉) ဦးအား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၀/၂၀၁၈) ကြိမ်မြောက် အစည်းအဝေး သဘောတူညီချက်အရ စိုက်ပျိုးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး (စိုက်ပညာရှင်) ရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်သည့်ရာထူး |
|---|---|---|---|
| (က) | ဒေါ်ရည်ရည်မွန် | ဒုတိယညွှန်ကြားရေးမှူး (စိုက်ပညာရှင်) | ညွှန်ကြားရေးမှူး (စိုက်ပညာရှင်) |
| (ခ) | ဦးနိုင်ဦး | ဒုတိယညွှန်ကြားရေးမှူး (စိုက်ပညာရှင်) | ညွှန်ကြားရေးမှူး (စိုက်ပညာရှင်) |

| **စဉ်** | **အမည်** | **လက်ရှိရာထူး** | **တိုးမြှင့်သည့်ရာထူး** |
|---|---|---|---|
| (ဂ) | ဦးကြည်စိုး | ဒုတိယညွှန်ကြားရေးမှူး (စိုက်ပညာရှင်) | ညွှန်ကြားရေးမှူး (စိုက်ပညာရှင်) |
| (ဃ) | ဦးထွန်းဝင်း | ဒုတိယညွှန်ကြားရေးမှူး (စိုက်ပညာရှင်) | ညွှန်ကြားရေးမှူး (စိုက်ပညာရှင်) |
| (င) | ဦးမြင့်ဆွေ | ဒုတိယညွှန်ကြားရေးမှူး (စိုက်ပညာရှင်) | ညွှန်ကြားရေးမှူး (စိုက်ပညာရှင်) |
| (စ) | ဦးမြင့်စိန် | ဒုတိယညွှန်ကြားရေးမှူး (စိုက်ပညာရှင်) | ညွှန်ကြားရေးမှူး (စိုက်ပညာရှင်) |
| (ဆ) | ဦးကျော်ကျော် | ဒုတိယညွှန်ကြားရေးမှူး (စိုက်ပညာရှင်) | ညွှန်ကြားရေးမှူး (စိုက်ပညာရှင်) |
| (ဇ) | ဦးမျိုးဇော် | ဒုတိယညွှန်ကြားရေးမှူး (စိုက်ပညာရှင်) | ညွှန်ကြားရေးမှူး (စိုက်ပညာရှင်) |
| (စျ) | ဦးဝင်းဦး | ဒုတိယညွှန်ကြားရေးမှူး (စိုက်ပညာရှင်) | ညွှန်ကြားရေးမှူး (စိုက်ပညာရှင်) |

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၁၄၄/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၈) ၏ သဘောတူခွင့်ပြုချက်အရ **နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) အမြဲတမ်းအတွင်းဝန် ဒုတိယဥက္ကဋ္ဌ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ဒုတိယရဲချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
တံတားဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဍ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့အာမခံလုပ်ငန်း
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဎ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကုန်းလမ်းပို့ဆောင်ရေး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဏ) ဦးမျိုးသန့်၊ တွဲဖက်အတွင်းရေးမှူး-၃ — အဖွဲ့ဝင်
မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း

(တ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ထ) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၉၁/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၈) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ရုံးအုပ်/ကြီးကြပ်ရေးမှူး (လုပ်ငန်း) (၆) ဦးအား ယင်းတို့ အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ရာထူးနေရာများသို့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ လစာနှုန်း |
|---|---|---|
| (က) | ဒေါ်ပုတင် | လက်ထောက်မန်နေဂျာ၊ လုပ်သားရေးရာဌာန (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ခ) | ဒေါ်နွဲ့နွဲ့ကြည် | လက်ထောက်မန်နေဂျာ၊ လုပ်သားရေးရာဌာန (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဂ) | ဦးသန်းမြင့် | လက်ထောက်မန်နေဂျာ၊ လုပ်သားရေးရာဌာန (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဃ) | ဦးမိုးလွင် | လက်ထောက်မန်နေဂျာ၊ ရေကြောင်းဌာန (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (င) | ဦးခင်အောင် | လက်ထောက်မန်နေဂျာ၊ ကုန်လုပ်ငန်းဌာန (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (စ) | ဒေါ်ခင်စန်းရီ | ဌာနစုမှူး (ပစ္စည်းထိန်း)၊ ဗဟိုပစ္စည်းထိန်းဌာန (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

## (ဝန်ကြီးရုံး)

## အမိန့်အမှတ် (၁၉၅/၂၀၁၈)

၁။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ဆိပ်ကမ်းမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ဆိပ်ကမ်းအရာရှိချုပ် ဦးကိုကိုနိုင် အား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ မတ်လ ၃ ရက်နေ့မှစတင်၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်အမှတ် (၁၉၆/၂၀၁၈)

၁။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မွန်ပြည်နယ်၊ မော်လမြိုင်ဆိပ်ကမ်းမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ဆိပ်ကမ်းအရာရှိချုပ် ဦးဇေယျ အား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့မှ စတင်၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၁၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၀၄/၂၀၁၈)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ဒုတိယအထွေထွေမန်နေဂျာ (ကိုယ်စားလှယ်လုပ်ငန်း) ဦးဇော်ထွန်းလွင် အား လစ်လပ်လျက်ရှိသော လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ အထွေထွေမန်နေဂျာ ရာထူးနေရာသို့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၀၇/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၈) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သင်ကြားရေးဌာန၊ အလုပ်ရုံနည်းပညာဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ-၂ (၂) ဦးအား ယင်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ရာထူးနေရာများသို့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| (က) | ဒေါ်ဇင်မို့မို့ထွန်း | အလုပ်ရုံခွဲမှူး (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ခ) | ဒေါ်တင်အိအိအောင် | အလုပ်ရုံခွဲမှူး (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၀၈/၂၀၁၈)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ

ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၀/၂၀၁၈) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သင်ကြားရေးဌာန၊ စာကြည့်တိုက်ဌာနမှ လစာနှုန်း (၂၁၄,၀၀၀-၂,၀၀၀-၂၃၄,၀၀၀)၊ စာကြည့်တိုက် လက်ထောက်-၁ ဒေါ်တင်မြတ်မူ အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ လက်ထောက်စာကြည့်တိုက်မှူး ရာထူးနေရာသို့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၀၉/၂၀၁၈)**

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၈) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သင်ကြားရေးဌာန၊ အင်္ဂလိပ်စာဌာနမှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ နည်းပြ ဒေါ်စုမြတ်မင်း အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ လက်ထောက်ကထိက ရာထူးနေရာသို့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

**ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံသစ်တောဥပဒေ ပုဒ်မ-၇၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်နှင့် ကျိုက်မရောမြို့နယ်တို့ရှိ မော်လမြိုင် (ထင်း) ကြိုးဝိုင်းအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၅. ၅ ဧကရှိမြေကို (၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၆ ရက်) နေ့မှစ၍ ကြိုးဝိုင်းတောမြေ အဖြစ်မှ ပယ်ဖျက်လိုက်သည်။

၁။ **ကြိုးဝိုင်းတောအဖြစ်မှ ပယ်ဖျက်လိုက်သည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| စဉ် | ကြိုးဝိုင်းတောအမည် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | ဧရိယာ(ဧက) |
|---|---|---|---|---|---|
| (က) | မော်လမြိုင် (ထင်း) ကြိုးဝိုင်း (တစ်စိတ်တစ်ဒေသ) | မွန် | မော်လမြိုင် | မော်လမြိုင်<br>ကျိုက်မရော | ၃. ၅၀<br>၂. ၀၀ |
| | **စုစုပေါင်း** | | | | **၅. ၅၀** |

၂။　**နယ်နိမိတ်အလားအလာဖော်ပြချက်**

**အကွက်အမှတ် (၁) သာမညစကြာတောင် သာသနာ့မြေ ၃. ၅ ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။　။ မော်လမြိုင်(ထင်း) ကြိုးဝိုင်း၊ အကွက်အမှတ် (၇) အတွင်း ခန့်မှန်းမြေပုံညွှန်း S-303832 မှအစပြု၍ အရှေ့မြောက်ဘက်သို့ ၁၀၃ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-304832 အထိ။

အရှေ့ဘက်　။　။ ထိုမှ အရှေ့ဘက်သို့ ၅၁၂ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-306831 အထိ၊ ထိုမှ တောင်စူးစူးသို့ ၃၉၆ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-306830 အထိ။

တောင်ဘက်　။　။ ထိုမှ အနောက်စူးစူးသို့ ၁၂၇ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-306830 အထိ။

အနောက်ဘက် ။　။ ထိုမှ အနောက်မြောက်ဘက်သို့ ၇၃၇ ပေခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း S-303832 အထိ။

**အကွက်အမှတ် (၂) ကျိုက်မရောမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး (နှစ်ရှည်ပင်နှင့်တိုးချဲ့ပညာပေးရုံး) မြေ ၂. ၀၀ ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက်　။　။ မော်လမြိုင်(ထင်း) ကြိုးဝိုင်း၊ အကွက်အမှတ် (၁၀) အတွင်း ခန့်မှန်းမြေပုံညွှန်း S-340818 မှအစပြု၍ အရှေ့တောင်ဘက်သို့ ၁၈၈ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-341818 အထိ။

အရှေ့ဘက်　။　။ ထိုမှ တောင်ဘက်သို့ ကြိုးဝိုင်းနယ်နိမိတ် (ကျိုက်မရော-မုဒုံကားလမ်း) အတိုင်း ၄၆၂ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-341817 အထိ။

တောင်ဘက်　။　။ ထိုမှ အနောက်မြောက်ဘက်သို့ ၁၈၈ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-340817 အထိ။

အနောက်ဘက် ။　။ ထိုမှ မြောက်ဘက်သို့ ၄၆၂ ပေခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း S-340818 အထိ။

၃။　**ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရသည့် အကြောင်းအရာ**

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်ရှိ မော်လမြိုင် (ထင်း) ကြိုးဝိုင်းမှ ဧရိယာ ၃. ၅၀ ဧကအား သာမညစကြာတောင် သာသနာ့မြေနှင့် ကျိုက်မရောမြို့နယ်ရှိ မော်လမြိုင် (ထင်း) ကြိုးဝိုင်းမှ ဧရိယာ ၂. ၀၀ ဧကအား စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး (နှစ်ရှည်ပင်နှင့်တိုးချဲ့ပညာပေးရုံး) မြေအဖြစ် ပြောင်းလဲအသုံးပြုနိုင်ရေးအတွက် ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ရခြင်းဖြစ်ပါသည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၈)

### ကြိုးဝိုင်းတောနယ်နိမိတ်များ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၈) အရ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်လိုက်သဖြင့် ကျန်ရှိသည့် ကြိုးဝိုင်းတော၏ နယ်နိမိတ်အလားအလာများအား အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၁။　မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်၊ ကျိုက်မရောမြို့နယ်နှင့် မုဒုံမြို့နယ်တို့ရှိ မော်လမြိုင် (ထင်း) ကြိုးဝိုင်းကို သစ်တောဦးစီးဌာန၏ ၁၉၀၁ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၇၉) အရ ဧရိယာအကျယ်အဝန်း ၁၆,၅၀၅ ဧကဖြင့် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အဆိုပါ မော်လမြိုင်(ထင်း) ကြိုးဝိုင်းတောအတွင်းမှ ဧရိယာ ၂၁၀၀. ၇၇ ဧကအား ပယ်ဖျက်ပေးခဲ့ပြီး ယခုဧရိယာ ၅. ၅၀ ဧကအား သာမညစကြာတောင် သာသနာ့မြေနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး (နှစ်ရှည်ပင်နှင့်တိုးချဲ့ပညာပေးရုံး) မြေများအဖြစ် လွှဲပြောင်းအသုံးပြုနိုင်ရေးအတွက် ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးလိုက်သဖြင့် မော်လမြိုင်(ထင်း) ကြိုးဝိုင်းကို ကျန်ရှိသည့်ဧရိယာအကျယ်အဝန်း ၁၄,၃၉၇ ဧကဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## ၂။ ပြင်ဆင်ဖွဲ့စည်းလိုက်သည့် ကြိုးဝိုင်းတောနယ်နိမိတ်များ

မြောက်ဘက် ။ ။ မော်လမြိုင်မြို့နယ်နှင့်ကျိုက်မရောမြို့နယ်ခြားနယ်နိမိတ်အနီး ခန့်မှန်းမြေပုံညွှန်း S-278900 မှ အစပြု၍ မူလကြိုးဝိုင်းနယ်နိမိတ်အတိုင်း အရှေ့ဘက်သို့ ၁ မိုင်ကျော်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-300905 အထိ။

အရှေ့ဘက် ။ ။ ထိုမှ မူလကြိုးဝိုင်းနယ်နိမိတ်အတိုင်း တောင်ဘက်သို့ ၁ မိုင်ကျော်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-300882 အထိ၊ ထိုမှ အကျဉ်းဦးစီးဌာနပိုင်မြေနယ်နိမိတ်နှင့် ကိုးနဝင်းအောင်ချမ်းသာစေတီတော်နှင့် အေးကမ္ဘာတောရကျောင်းတိုက်မြေ နယ်နိမိတ်အတိုင်းလာရာ ခန့်မှန်းမြေပုံညွှန်း S-302869 အထိ၊ ထိုမှ မူလကြိုးဝိုင်းနယ်နိမိတ်အတိုင်း တောင်ဘက်သို့ ၃ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-341818 အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁၈၈ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-340818 အထိ၊ ထိုမှ တောင်ဘက်သို့ ၄၆၂ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-340817 အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁၈၈ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-341817 အထိ၊ ထိုမှ တောင်ဘက်သို့ မူလကြိုးဝိုင်းနယ်နိမိတ်အတိုင်း ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-341810 အထိ၊ ထိုမှ အမှတ် (၂၀၈) ခြေမြန်တပ်ရင်း အခြေစိုက်စခန်းမြေ၏ နယ်နိမိတ်အတိုင်းလာရာ ခန့်မှန်းမြေပုံညွှန်း S-355806 အထိ၊ ထိုမှ ကလိုင်းကနိုင်ကျေးရွာအနောက်ဘက် နယ်နိမိတ်အတိုင်း ဆက်၍လာရာ ခန့်မှန်းမြေပုံညွှန်း S-368804 အထိ၊ ထိုမှတောင်ဘက်သို့ မူလကြိုးဝိုင်း နယ်နိမိတ်အတိုင်း ၅ မိုင်ကျော်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-417704 အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ ၁ မိုင်ကျော်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-395692 အထိ၊ ထိုမှ ကျိုက္ကမော့လေး တောင်ခြေရဲကျောင်းမြေနယ်နိမိတ်အတိုင်းလာရာ ခန့်မှန်းမြေပုံညွှန်း S-393692 အထိ၊ ထိုမှ အမှတ် (၇၀၁၁) သံချပ်ကာတိုက်ခိုက်ရေးတပ်မြေ နယ်နိမိတ်အတိုင်း ဆက်၍လာရာ ခန့်မှန်းမြေပုံညွှန်း S-370703 အထိ။

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ မူလကြိုးဝိုင်းနယ်နိမိတ်အတိုင်း ၄ မိုင်ခန့်ဆက်လာရာ ခန့်မှန်းမြေပုံညွှန်း S-343769 အထိ၊ ထိုမှ ဝင်းစိန်တောရ ရတနာကျောင်းနှင့် ဗုဒ္ဓသာသနိကမြေ နယ်နိမိတ်အတိုင်းလာရာ ခန့်မှန်းမြေပုံညွှန်း S-338782 အထိ၊ ထိုမှ အမှတ် (၃၁၃) အမြောက်တပ်ရင်းမြေနှင့် အမှတ် (၂၁၀) ခြေမြန်တပ်ရင်း အခြေစိုက်စခန်းမြေ နယ်နိမိတ်အတိုင်းဆက်၍လာရာ ခန့်မှန်းမြေပုံညွှန်း S-319800 အထိ၊ ထိုမှ မြောက်ဘက်သို့ မူလကြိုးဝိုင်းနယ်နိမိတ်အတိုင်း ၅ မိုင်ခန့်ဆက်လာရာ ခန့်မှန်းမြေပုံညွှန်း S-280880 အထိ၊ ထိုမှ အမှတ် (၆) ဆက်သွယ်ရေးတပ်ရင်းမြေနှင့် တိုးချဲ့တပ်ပိုင်မြေနယ်နိမိတ်အတိုင်း ဆက်၍လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း S-278900 ရောက်သည်အထိ။

## ၃။ ချန်လှပ်ကွက်နယ်နိမိတ်များ

### ချန်လှပ်ကွက်အမှတ် (၁) ဖားအောက်တောရစကြံ့န်ကျောင်းတိုက်သာသနာမြေ ၄ ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက် ။ ။ မော်လမြိုင် (ထင်း) ကြိုးဝိုင်း အကွက်အမှတ် (၅) အတွင်းရှိ ချောင်းဖျားယာယီသတ်မှတ်ထားသည့် ဘုတ်တိုင် (က) မှအစပြု၍ အရှေ့တောင်ဘက်သို့ ၆၆၀ ပေခန့်အကွာတွင် ရှိသော ယာယီသတ်မှတ်ထားသည့် ဘုတ်တိုင် (ခ) အထိ။

အရှေ့ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ ၂၆၄ ပေခန့်အကွာတွင် တည်ရှိသည့် ယာယီသတ်မှတ်ထားသည့် ဘုတ်တိုင်အမှတ် (ဂ) အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့လာရာ ၆၆၀ ပေခန့်အကွာတွင်တည်ရှိသည့် ယာယီသတ်မှတ်ထားသည့် ဘုတ်တိုင်အမှတ် (ဃ) အထိ။

အနောက်ဘက် ။ ။ ထိုမှ အရှေ့မြောက်ဘက်သို့ ၂၆၄ ပေအကွာတွင်တည်ရှိသည့် မူလစမှတ် ယာယီသတ်မှတ်ထားသည့် ဘုတ်တိုင် (က) အထိ။

**ချန်လှပ်ကွက်အမှတ် (၂) တာပသွန်ကျေးရွာရှိ သုခတောရဘေးမဲ့ကျောင်းမြေ ၈. ၂၅ ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ တဂေါ်တနောချောင်း၏မြောက်ဘက် ၄၀၀ ပေခန့်အကွာတွင်ရှိသည့် ယာယီသတ်မှတ်ထားသည့် ဘုတ်တိုင် (က) မှအစပြု၍ အရှေ့မြောက်ဘက်သို့ ၁၀၂၃ ပေခန့်လာရာ ယာယီသတ်မှတ်ထားသည့် ဘုတ်တိုင်အမှတ် (ခ) အထိ။

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ ၃၃၀ ပေခန့်လာရာ တဂေါ်တနောချောင်းစပ်ရှိ ယာယီသတ်မှတ်ထားသည့် ဘုတ်တိုင်အမှတ် (ဂ) အထိ။

တောင်ဘက် ။ ။ ထိုမှ တဂေါ်တနောချောင်းမြောက်ဘက်ကမ်းစပ်မှ အနောက်တောင်ဘက်သို့ စုန်ဆင်းလာရာ ၁၀၈၀ ပေခန့်အကွာရှိ ယာယီသတ်မှတ်ထားသည့် ဘုတ်တိုင်အမှတ် (ဃ) အထိ။

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ ၄၃၀ ပေခန့်လာရာ မူလစမှတ် ယာယီသတ်မှတ်ထားသည့် ဘုတ်တိုင်အမှတ် (က) အထိ။

**ချန်လှပ်ကွက်အမှတ် (၃) မဟာဗောဓိအောင်မြေတောရကျောင်း သာသနာမြေ ၄. ၉၄ ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ မော်လမြိုင် (ထင်း) ကြိုးဝိုင်း၊ အကွက်အမှတ် (၇) အတွင်းရှိ ယာယီဘုတ်တိုင် (က) (ခန့်မှန်းမြေပုံညွှန်း S-၃၀၈၈၃၂) မှအစပြု၍ အရှေ့စူးစူးသို့ ၃၆၉ ပေ ခန့်လာရာ ယာယီဘုတ်တိုင် (ခ) ခန့်မှန်းမြေပုံညွှန်း S-၃၀၈၈၃၂ အထိ။

အရှေ့ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ ၅၃၄ ပေခန့်လာရာ ယာယီသတ်မှတ်ထားသည့် ဘုတ်တိုင်အမှတ် (ဂ) ခန့်မှန်းမြေပုံညွှန်း S-၃၀၉၈၂၉ အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်စူးစူးသို့ ၃၉၆ ပေခန့်လာရာ ယာယီသတ်မှတ်ထားသည့် ဘုတ်တိုင်အမှတ် (ဃ) ခန့်မှန်းမြေပုံညွှန်း S-၃၀၇၈၂၉ အထိ။

အနောက်ဘက် ။ ။ ထိုမှ အရှေ့မြောက်ဘက်သို့ ၅၃၄ ပေခန့်လာရာ မူလစမှတ် ယာယီသတ်မှတ်ထားသည့် ဘုတ်တိုင်အမှတ် (က) ခန့်မှန်းမြေပုံညွှန်း S-၃၀၈၈၃၂ အထိ။

**ချန်လှပ်ကွက်အမှတ် (၄) ကျိုက္ကမော့လေးဘုရားသာသနာမြေ ၂၁. ၅၀ ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း S-387707 မှအစပြု၍ အရှေ့တောင်ဘက်သို့ ၈၂ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-387707 အထိ၊ ထိုမှ တောင်ဘက်သို့ ၂၇၂ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-387706 အထိ၊ ထိုမှ အရှေ့ဘက်သို့ ၆၀၀ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-390706 အထိ။

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ ၁၄၂ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-390706 အထိ၊ ထိုမှ အနောက်ဘက်သို့ ၈၂၂ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-389703 အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၂၉၀ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-389702 အထိ၊ ထိုမှ တောင်ဘက်သို့ ၆၂၀ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-389700 အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၅၀ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-389700 အထိ။

တောင်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ ၄၃၅ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-389701 အထိ၊ ထိုမှ မြောက်ဘက်သို့ ၃၀၀ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-388702 အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၉၇၂ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-386705 အထိ၊ ထိုမှ အနောက်ဘက်သို့ ၂၅၇ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-385705 အထိ။

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ ၉၀ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-385706 အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၆၇၀ ပေခန့်လာရာ မူလစတင်သည့်နေရာ ခန့်မှန်းမြေပုံညွှန်း S-387707 အထိ။

**ချန်လှပ်ကွက်အမှတ် (၅) သာမညစကြာတောင်သာသနာ့မြေ ၃. ၅ ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ မော်လမြိုင် (ထင်း) ကြိုးဝိုင်း၊ အကွက်အမှတ် (၇) အတွင်း ခန့်မှန်းမြေပုံညွှန်း S-303832 မှ အစပြု၍ အရှေ့မြောက်ဘက်သို့ ၁၀၃ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-304832 အထိ။

အရှေ့ဘက် ။ ။ ထိုမှ အရှေ့ဘက်သို့ ၅၁၂ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-306831 အထိ၊ ထိုမှ တောင်စူးစူးသို့ ၃၉၆ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-306830 အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်စူးစူးသို့ ၁၂၇ ပေခန့်လာရာ ခန့်မှန်းမြေပုံညွှန်း S-306830 အထိ။

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ ၇၃၇ ပေခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း S-303832 အထိ။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၈)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၂,၅၉၀) ဧကရှိသော နယ်မြေကို “ရုန်းတောင်ကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ (၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၆ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ဟားခါး-ဂန့်ဂေါကားလမ်း၏ အရှေ့ဘက်ခန့်မှန်းမြေပုံညွှန်း (ဖမ-056985) မှအစပြု၍ အရှေ့ဘက်သို့ (၂) ဖာလုံ (၄) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-062985) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ ယခင်တော်လှန်ရေးရေကန် (လက်ရှိ) ဆည်တမံ၏ အနောက်တောင်ဘက် ခန့်မှန်းမြေပုံညွှန်း (ဖမ-067988) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-069987) အထိ၊ ထိုမှ အရှေ့မြောက်ယွန်းယွန်းသို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-070989) အထိ၊ ထိုမှ ဇေတဝန်ဘုန်းကြီးကျောင်းသွားကားလမ်းအတိုင်း အရှေ့မြောက်ယွန်းယွန်းသို့ (၅) ဖာလုံ (၂) သံကြိုးခန့်လာရာ ဟားခါး-ဒါအိုချင်းသွားကားလမ်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-080992) အထိ၊ ထိုမှ ဟားခါး-ဒါအိုချင်းရွာသွားကားလမ်းအတိုင်း အရှေ့ယွန်းယွန်းသို့ (၁) မိုင် (၆) ဖာလုံခန့်ဆက်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-106988) အထိ။

အရှေ့ဘက် ။ ။ ထိုမှ တောင်ကြောအတိုင်း အနောက်တောင်ဘက်သို့ (၅) ဖာလုံခန့်လာရာ ခုပ်လေ့ချောင်းဖျားနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (ဖမ-101978) အထိ၊ ထိုမှ ခုပ်လေ့ချောင်းလက်တက်၏ အရှေ့ဘက်ခြမ်းမှ တောင်ဘက်သို့ (၁) မိုင် (၃) ဖာလုံခန့်လာရာ ချောင်းခွနေရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-105957) အထိ။

တောင်ဘက် ။ ။ ထိုမှ ခုပ်လေ့ချောင်းကွေ့အတိုင်း အနောက်ဘက်သို့ (၂) မိုင် (၃) ဖာလုံခန့်ဆန်တက်ရာ ချောင်းဖျားနေရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-065953) အထိ။

အနောက်ဘက် ။ ။ ထိုမှ ခုပ်လေ့ချောင်းလက်တက်ငယ်များ၏ချောင်းဖျားများကိုဖြတ်၍ မြောက်စူးစူးသို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-064970) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၄) ဖာလုံ (၅) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-068978)အထိ၊ ထိုမှ အရှေ့ဘက်သို့ (၁) ဖာလုံ (၃) သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-073978) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-080985) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-080986) အထိ၊ ထိုမှ

အနောက်တောင်ယွန်းယွန်းသို့ (၁) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ဖမ-065981) အထိ၊ ထိုမှ အနောက်စူးစူးသို့ (၃) ဖာလုံခန့်လာရာ ဟားခါး-ဂန့်ဂေါကားလမ်း၏ အရှေ့ဘက် ခန့်မှန်းမြေပုံညွှန်း (ဖမ-054983) အထိ၊ ထိုမှ ဟားခါး-ဂန့်ဂေါကားလမ်း၏ အရှေ့ဘက်ခြမ်းမှ မြောက်ဘက်သို့ (၁) ဖာလုံ (၅) သံကြိုးခန့်လာရာ မူလအစပြုခဲ့သည့် ခန့်မှန်းမြေပုံညွှန်း (ဖမ-056985) အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၀/ ၂၀၁၈)
## ကြိုးဝိုင်းတောဖွဲ့စည်းရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာ မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၇၁,၀၀၀) ဧကရှိသောနယ်မြေကို “မုန်းချောင်းကြိုးဝိုင်းတော” အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ (၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၂ ရက်) မှစ၍ ဖွဲ့စည်းရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ဖျင်ကြီးကျေးရွာ၏ အရှေ့တောင်ဘက် (၀. ၆၄) မိုင်အကွာ ဝဒင်ချောက်၏ တောင်ဘက် (၀. ၂၁) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-272413) မှအစပြု၍ အရှေ့မြောက်ဘက်သို့ (၀. ၄၅) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-276418) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၁. ၁) မိုင်ခန့်လာရာ ဆောမြို့နယ်နယ်နိမိတ်နှင့်ကပ်လျက် ခန့်မှန်းမြေပုံညွှန်း (O-285418) အထိ၊ ထိုမှ တောင်ဘက်သို့ (၀. ၆၆) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-286407) အထိ၊ ထိုမှ ဆောမြို့နယ် နယ်နိမိတ်အတိုင်း အရှေ့ဘက်သို့ (၂. ၅) မိုင်ခန့်အကွာ ခန့်မှန်းမြေပုံညွှန်း (O-325407) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၁) မိုင်ခန့်လာရာ သပြေပင်ချောက်ဘေး ခန့်မှန်းမြေပုံညွှန်း (O-342402) အထိ။

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ (၀. ၁၈) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-343400) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၀. ၄၆) မိုင်ခန့်လာရာ ကျောက်အုပ်ရွာ၏ အနောက်ဘက် (၀. ၈၁) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-341392) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၆၁) မိုင်ခန့်လာရာ ကံဇင်းရွာ၏ အနောက်ဘက် (၀. ၆၀)မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-360372) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၉၈) မိုင်လာရာ ညောင်ပင်ကျင်းရွာ၏ အနောက်တောင်ဘက် (၂. ၀၃) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-373338) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့(၁. ၆၉) မိုင်ခန့်လာရာ ပေါင်ချောင်းကျေးရွာ၏ အနောက်တောင်ဘက် (၀. ၃၈) မိုင်အကွာ ထီးချောင်းမကြီးဘေး ခန့်မှန်းမြေပုံညွှန်း (O-392316) အထိ၊ ထိုမှ တောင်ဘက်သို့ (၀. ၇၇) မိုင်ခန့်လာရာ ပင်းလှရွာ၏အနောက်တောင်ဘက် (၀. ၆၈) မိုင် အကွာ ခန့်မှန်းမြေပုံညွှန်း (O-394300) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၀. ၈၆)

မိုင်ခန့်လာရာ အုံးဝါးရွာ၏အနောက်တောင်ဘက် (၀. ၇၃) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-403291) အထိ၊ ထိုမှ အရှေ့မြောက်ဘက် (၂. ၀၂) မိုင်ခန့်လာရာ သင်းပယ်-ကျောက်ကွဲရွာသွားလမ်း အနောက်ဘက် (၀. ၂၄) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-437300) အထိ၊ ထိုမှ ဒယူးသင်းပယ်ကြိုးဝိုင်းနယ်နိမိတ်အတိုင်း တောင်ဘက်သို့ (၂. ၇၀) မိုင်ခန့်လာရာ ကျောက်ကွဲရွာ၏ အနောက်တောင်ဘက် (၀. ၆၂) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-447253) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၀. ၇၄) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-460252) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၂. ၁၀) မိုင်ခန့်လာရာ စလင်းမြို့နယ်နယ်နိမိတ်နှင့် ကပ်လျက် ခန့်မှန်းမြေပုံညွှန်း (O-485226) အထိ၊ ထိုမှ စလင်းမြို့နယ် နယ်နိမိတ်အတိုင်း (၂. ၀၁) မိုင်ခန့်လာရာ ရေသောင်ရွာ၏ အရှေ့ဘက် (၁. ၂၁) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-485195) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ စလင်းမြို့နယ်နယ်နိမိတ်အတိုင်း (၅. ၂၁) မိုင်ခန့်လာရာ ပုပိုင်းချောင်း၏ အရှေ့ဘက် (၀. ၂၄) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-535111) အထိ၊ ထိုမှ တောင်ဘက်သို့ စလင်းမြို့နယ်နယ်နိမိတ်အတိုင်း (၃. ၄) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-539055) အထိ၊ ထိုမှ တောင်ဘက်သို့ စလင်းမြို့နယ်နယ်နိမိတ်အတိုင်း (၅) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-532977) အထိ၊ ထိုမှ နွားမတောင်တောင်ကြားအတိုင်း အနောက်တောင်ဘက်သို့ (၁. ၅) မိုင်ခန့်လာရာ ပုပိုင်းချောင်းဖျား၏အရှေ့ဘက် (၀. ၇၀) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-519955) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၀. ၆၆) မိုင်ခန့်လာရာ ခရိုင်ချင်းဆက်လမ်း၏ အရှေ့ဘက် (၀. ၅၁) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-518947) အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ (၀. ၅၆) မိုင်ခန့်လာရာ ခရိုင်ချင်းဆက်လမ်းဘေး ခန့်မှန်းမြေပုံညွှန်း (T-505948) အထိ၊ ထိုမှ မြောက်ဘက်သို့ (၀. ၈၃) မိုင်ခန့်လာရာ ခရိုင်ချင်းဆက်လမ်း၏ အနောက်ဘက် (၀. ၁၈) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (T-506960) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၀. ၃၉) မိုင်ခန့်လာရာ ပုပိုင်းချောင်းဖျားဘေး ခန့်မှန်းမြေပုံညွှန်း (T-512967) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁. ၄၅) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-508990) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁. ၄၉) မိုင်ခန့်လာရာ တောင်ဟန်ဒေါက်ရွာ၏ အရှေ့ဘက် (၀. ၃၉) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-519017) အထိ၊ ထိုမှ ပိုင်းချောင်းအတိုင်း မြောက်ဘက်သို့ (၅. ၆) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-522111) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁. ၉) မိုင်ခန့်လာရာ ကန်ပေါက်ရွာ၏မြောက်ဘက် (၀. ၃၄) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-503137) အထိ၊ ထိုမှ အနောက်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-487141) အထိ၊ ထိုမှ မြောက်ဘက်သို့ (၀. ၄၆) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-488149) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁. ၁၁) မိုင်ခန့်လာရာ သရက်ကျင်းရွာ၏မြောက်ဘက် (၀. ၃၃) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-469159) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၀. ၂၁) မိုင်ခန့်လာရာ ထီးချောင်းအရှေ့ဘက် (၀. ၁၄) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-463154) အထိ၊ ထိုမှ အနောက်ဘက်သို့ (၀. ၄) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-456150) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁. ၉၄) မိုင်ခန့်လာရာ ရေသောင်ရွာ၏အနောက်တောင်ဘက် (၀. ၅၃) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-456186) အထိ၊ ထိုမှ ထီးချောင်းအတိုင်း (၁) မိုင်ခန့်လာရာ ထီးချောင်းဘေး ခန့်မှန်းမြေပုံညွှန်း (O-472195) အထိ၊ ထိုမှ ထီးချောင်းအတိုင်း အနောက်မြောက်ဘက်သို့ (၁. ၅) မိုင်ခန့်လာရာ ခေါင်ညွာရွာ၏ အရှေ့မြောက်ဘက် (၀. ၂၂) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-462219) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂. ၅) မိုင်ခန့်လာရာ ကျန်စိမ့်ရွာ၏မြောက်ဘက် (၀. ၂၃) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-431241) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁. ၉) မိုင်ခန့်လာရာ ထီးချောင်းမကြီးဘေး ခန့်မှန်းမြေပုံညွှန်း (O-409263) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၀. ၉၁) မိုင်ခန့်လာရာ တွယ်လင်ရွာ၏ အရှေ့ဘက် (၀. ၃၈) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-415275) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂. ၂၁)

မိုင်ခန့်လာရာ အုံးဝါးရွာ၏အနောက်ဘက် (၁. ၂၀) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-386298) အထိ၊ ထိုမှ အနောက်ဘက်သို့ (၂) မိုင်ခန့်လာရာ ပန်းအိချောင်း၏ အရှေ့ဘက် (၁. ၀၀) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-358297) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၃. ၂) မိုင်ခန့်လာရာ ရှိန်းချောက်ဖျားတောင်ဘက် (၀. ၃၃) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-333344) အထိ၊ ထိုမှ အနောက်ဘက်သို့ (၁. ၁၃) မိုင်ခန့်လာရာ ငါးမွှေချောက်ဖျား၏ အရှေ့မြောက်ဘက်သို့ (၀. ၂၄) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-313340) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၀. ၇၆) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-308328) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ပန်းအိကြိုးဝိုင်းနယ်နိမိတ်နှင့်ကပ်လျက် (၃. ၇) မိုင်ခန့်လာရာ လုံးကြီးရွာ၏ အရှေ့မြောက်ဘက် (၁. ၄၄) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-334270) အထိ၊ ထိုမှ အနောက်ဘက်သို့ (၁. ၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-318270) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-300278) အထိ၊ ထိုမှ တောင်ဘက်သို့ (၁. ၃၇) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-302253) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၈) မိုင်ခန့်လာရာ လက်ပံကျင်းရွာ၏ အနောက်ဘက် (၀. ၆၄) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-314229) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-308208) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၀. ၅၉) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-316201) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၁. ၁၂) မိုင်ခန့်လာရာ တောက်စုပ်ရွာ၏ အရှေ့တောင်ဘက် (၀. ၄၅) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-336204) အထိ၊ ထိုမှ ပန်းအိချောင်းသစ်တောကြိုးဝိုင်း အရှေ့တောင်ဘက်သို့ (၂. ၅) မိုင်ခန့်လာရာ အကြည်ရွာ၏အရှေ့ဘက် (၀. ၆၆) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-351173) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၇) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-375170) အထိ၊ ထိုမှ တောင်ဘက်သို့ (၀. ၈၈) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-379158) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၀. ၉၅) မိုင်ခန့်လာရာ ပန်းအိရွာ၏ အနောက်ဘက် (၀. ၃၅) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-393156) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁. ၁) မိုင်ခန့်လာရာ ပန်းအိချောင်းဘေး ခန့်မှန်းမြေပုံညွှန်း (O-407167) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၁. ၇) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-422147) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၃. ၄) မိုင်ခန့်လာရာ ခွေးမလောင်ရွာ၏ မြောက်ဘက် (၀. ၆၂) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-445094) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၂၈) မိုင်ခန့်လာရာ ဘူးကျေးရွာသွား ကားလမ်းဘေး (၀. ၀၈) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-453072) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၂. ၅၆) မိုင်ခန့်လာရာ ပဇူချောင်း၏ အနောက်ဘက် (၀. ၁၅) မိုင်ခန့်အကွာ ခန့်မှန်းမြေပုံညွှန်း (O-474034) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁. ၂၈) မိုင်ခန့်လာရာ ပဇူရွာ၏ အနောက်ဘက် (၀. ၇၀) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-464012) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၀. ၃၃) မိုင်ခန့်လာရာ ပဇူချောင်းဘေး ခန့်မှန်းမြေပုံညွှန်း (O-467007) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၁. ၀၇) မိုင်ခန့်လာရာ ပဇူရွာ၏အရှေ့တောင်ဘက် (၀. ၇၃) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-486002) အထိ၊ ထိုမှ တောင်ဘက်သို့ (၂. ၂၇) မိုင်ခန့် လာရာ ခရိုင်ချင်းဆက်လမ်း၏ အနောက်ဘက် (၀. ၆၀) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-490965) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၀. ၈၅) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-500960) အထိ၊ ထိုမှ တောင်ဘက်သို့ (၂. ၅၇) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-495920) အထိ၊ ထိုမှ တောင်ဘက်သို့ (၁. ၅) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-500895) အထိ၊ ထိုမှ အရှေ့ တောင်ဘက်သို့ (၀. ၈၅) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-512890) အထိ၊ ထိုမှ ပဇောချောင်းအတိုင်းတောင်ဘက်သို့ (၂. ၈) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-507854) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁. ၄) မိုင်ခန့်လာရာ မကြီးစုရွာ၏ အနောက်မြောက်ဘက် (၀. ၉၄) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (T-489848)

အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၀. ၈၅) မိုင်ခန့်လာရာ ညောင်အိုင်ရွာ၏ အရှေ့မြောက်ဘက် (၀. ၇၅) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (T-478855) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၀. ၇၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-482867) အထိ၊ ထိုမှ အနောက်ဘက်သို့ (၀. ၆၀) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-471869) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁. ၄၉) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-469891) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၃) မိုင်ခန့်လာရာ ထီးချောင်းဘေး ခန့်မှန်းမြေပုံညွှန်း (T-449938) အထိ၊ ထိုမှ ထီးချောင်းအတိုင်း မြောက်ဘက်သို့ (၅. ၃၅) မိုင်ခန့်လာရာ ပန်းချက်ရွာ၏အရှေ့ဘက် (၀. ၂၁) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-452020) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂. ၂၇) မိုင်ခန့်လာရာ ငလဲရွာ၏ အရှေ့တောင်ဘက် (၀. ၄၄) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-436054) အထိ၊ ထိုမှ ထီးချောင်းအတိုင်း မြောက်ဘက်သို့ (၂. ၂၇) မိုင်ခန့်လာရာ ခွေးမလောင်ရွာ၏ အနောက်ဘက် (၀. ၈၀) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-434087) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁. ၁၄) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-423100) အထိ၊ ထိုမှ ထီးချောင်းကြိုးဝိုင်းနယ်နိမိတ်အတိုင်း အနောက်မြောက်ဘက်သို့ (၂. ၁၀) မိုင်ခန့်လာရာ ကျင်းကြီးရွာ၏ အရှေ့ဘက် (၁. ၀၀) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-402134) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁. ၂) မိုင်ခန့်လာရာ ပန်းအိုရွာ၏တောင်ဘက် (၀. ၂၉) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-403156) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂. ၁၄) မိုင်လာရာ လုံးဇွန်းရွာ၏ အနောက်ဘက် (၀. ၆၁) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-379127) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂. ၃၅) မိုင်ခန့်လာရာ ဘူးရွာ၏ အနောက်ဘက် (၀. ၃၄) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-345106) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၀. ၆၆) မိုင်ခန့်လာရာ မုန်းချောင်းဘေး ခန့်မှန်းမြေပုံညွှန်း (O-337102) အထိ၊ ထိုမှ မုန်းချောင်းအတိုင်း မြောက်ဘက်သို့ (၄) မိုင်ခန့်လာရာ တပွင်ရွာ၏ အရှေ့ဘက် (၀. ၃၂) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-360155) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂. ၂၇) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-330188) အထိ၊ ထိုမှ တောင်ဘက်သို့ (၀. ၈၅) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-320180) အထိ၊ ထိုမှ တောင်ဘက်သို့ (၀. ၈၅) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-320164) အထိ၊ ထိုမှ အနောက်ဘက်သို့ (၁. ၁၃) မိုင်ခန့်လာရာ အာယောရွာ၏ အနောက်မြောက်ဘက် (၀. ၅၇) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-303158) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၀. ၉၄) မိုင်ခန့်လာရာ ဒွေးချောင်းဘေး နတ်ကြီးရွာ၏ အနောက်တောင်ဘက် (၀. ၈၃) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-291144) အထိ၊ ထိုမှ ဒွေးချောင်းအတိုင်း အနောက်ဘက်သို့ (၅. ၂၂) မိုင်ခန့်လာရာ ကန်ပက်လက်မြို့နယ်နယ်နိမိတ်၏ အရှေ့ဘက် (၀. ၂၀) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-228160) အထိ။

အနောက်ဘက် ။ ။ ထိုမှ အရှေ့မြောက်ဘက်သို့ ကန်ပက်လက်မြို့နယ်နယ်နိမိတ်နှင့်ကပ်လျက် (၅) မိုင်ခန့်လာရာ သူကောင်းကျင်းရွာ၏ အနောက်ဘက် (၀. ၈၇) မိုင်အကွာ မုန်းချောင်းဘေး ခန့်မှန်းမြေပုံညွှန်း (O-277230) အထိ၊ ထိုမှ မြောက်ဘက်သို့ (၂. ၄၈) မိုင်ခန့်လာရာ ရွှေကျောက်တောင်ကြောမှ အနောက်ဘက် (၀. ၃၄) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-275275) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၃) မိုင်ခန့်လာရာ မင်းဒင်ကျင်းရွာ၏ အရှေ့မြောက်ဘက် (၀. ၇၈) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-262320) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁. ၄၂) မိုင်ခန့်လာရာ ငတော်စုတ်ရွာ၏အရှေ့ဘက် (၀. ၂၄) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-284330) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁. ၁၇) မိုင်ခန့်လာရာ မဟောတောင် တောင်ထိပ်၏ အနောက်ဘက် (၀. ၅၆) မိုင်အကွာ ခန့်မှန်းမြေပုံညွှန်း (O-283351) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၃. ၆) မိုင်ခန့်လာရာ ဖျင်ကြီးရွာ၏ အရှေ့တောင်ဘက် (၀. ၆၄) မိုင်အကွာ ဝဒင်းချောင်း၏တောင်ဘက် (၀. ၂၁) မိုင်အကွာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (O-272413) အထိ၊

၂။ **သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးဝိုင်းတောဖွံ့စည်းကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးဝိုင်းနယ်နိမိတ်များ ဖွံ့စည်းရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ခ) အရ စေတုတ္တရာမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးအား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

(ပုံ) အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ချို [၁၂/ဥကတ (နိုင်) ဝ၁၃၈၄၈] အား ယင်းဌာနတွင်လစ်လပ်လျက်ရှိသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှစတင်၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ပုံ) ဒေါက်တာသန်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီသည် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

### ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုရာတွင် စားသုံးသူ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြခြင်း

၁။ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ ပြုလုပ်ရာတွင် စားသုံးသူ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံနှင့်ပတ်သက်သော သတင်း၊ အချက်အလက် သို့မဟုတ် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရန်လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းရှင်များသည် ပူးတွဲဖော်ပြပါ ကုန်စည်များတွင် အောက်ပါအချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည် -

(က) သုံးစွဲပုံအညွှန်း၊

( ခ ) ထားသိုသိမ်းဆည်းပုံအညွှန်း၊

( ဂ ) ဓာတ်မတည့်ကြောင်းဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊

(ဃ) ဘေးထွက်ဆိုးကျိုး၊

၃။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှ ၆ လ ပြည့်မြောက်သည့်နေ့တွင် စတင် အာဏာ သက်ရောက်စေရမည်။

၄။ အပိုဒ် ၂ ပါ အချက်ကို လိုက်နာခြင်းမရှိသော စီးပွားရေးလုပ်ငန်းရှင်များသည် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပုဒ်မ ၁၉ အရ အရေးယူခြင်းခံရမည်။

(ပုံ) ဒေါက်တာသန်းမြင့်

ဥက္ကဋ္ဌ

စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ

ပူးတွဲ

**စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည့် ဦးစားပေးကုန်စည်များ**

| စဉ် | ဦးစားပေးကုန်စည်များ | ကုန်စည်အမျိုးအစားများ |
|---|---|---|
| (က) | အစားအသောက်များ | အချိုရည်နှင့်ယိုမျိုးစုံ၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ အသားနှင့် အသား ထွက်ပစ္စည်းအမျိုးမျိုး၊ ဥနှင့်ဥထွက်ပစ္စည်းအမျိုးမျိုး၊ စည်သွတ်အစားအစာ အမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ် အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုး၊ အရန်သင့် အစားအစာ အမျိုးမျိုး၊ အေးခဲအစားအစာအမျိုးမျိုး၊ သောက်ရေသန့်အမျိုးမျိုး၊ ဟင်းလျာ များတွင် အရောင်အနံ့အရသာအတွက် အသုံးပြုသော ပစ္စည်းအမျိုးမျိုး၊ ငရုတ်ဆီနှင့် အချဉ်ရည်အမျိုးမျိုး၊ အသင့်စားမုန့်အမျိုးမျိုး၊ ကလေးအာဟာရ ဖြည့်စွက်စာအမျိုးမျိုး၊ ကွမ်းစားဆေးအမျိုးမျိုး၊ ဆေးလိပ်အမျိုးမျိုး၊ ယမကာ အမျိုးမျိုး၊ အခြားပြုပြင်ထုပ်ပိုး/ထုတ်လုပ်ထားသောစားသောက်ကုန်အမျိုးမျိုး။ |
| ( ခ ) | အိမ်သုံးပစ္စည်းများ | အိမ်သုံးလျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး။ |
| ( ဂ ) | ကလေးအသုံးအဆောင် ပစ္စည်းများ | ကလေးလက်တွန်းလှည်း၊ ကလေးလမ်းလျှောက်ကွင်း၊ ကလေးကစားစရာအရုပ်နှင့် ပစ္စည်းအမျိုးမျိုး၊ ကလေးပုခက်အမျိုးမျိုး၊ ကလေးတစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းအမျိုးမျိုး။ |
| (ဃ) | ဆက်သွယ်ရေးသုံး ပစ္စည်းများ | ကြိုးဖုန်း (သို့မဟုတ်) ကြိုးမဲ့ဖုန်းအမျိုးမျိုး၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်း အမျိုးမျိုး။ |
| ( င ) | ဆေးဝါးနှင့် ဖြည့်စွက်စာများ | ဆရာဝန်ညွှန်ကြားချက်မလိုသော အိမ်သုံးဆေးဝါးအမျိုးမျိုး (သောက်ဆေး၊ လိမ်းဆေး)၊ အာဟာရဖြည့်စွက်စာအမျိုးမျိုး၊ တိုင်းရင်းဆေးအမျိုးမျိုး။ |
| ( စ ) | ဓာတုဗေဒပစ္စည်းများ | စိုက်ပျိုးရေးသုံးဓာတ်မြေဩဇာအမျိုးမျိုး၊ ပိုးသတ်ဆေးအမျိုးမျိုး၊ စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်များတွင် အသုံးပြုသော ဓာတုပစ္စည်းအမျိုးမျိုး။ |
| (ဆ) | အလှကုန်ပစ္စည်းများ | အလှကုန်ပစ္စည်းအမျိုးမျိုး၊ ဆံပင်ပြုပြင်ရန်သုံးစွဲပစ္စည်းအမျိုးမျိုး။ |
| ( ဇ ) | လူသုံးကုန်ပစ္စည်းများ | သွားတိုက်ဆေးအမျိုးမျိုး၊ ဆပ်ပြာအမျိုးမျိုး (အရည်/အခဲ/အမှုန့်)။ |
| (ဈ) | လုပ်ငန်းသုံးပစ္စည်း ကိရိယာများ | စိုက်ပျိုးရေးသုံးပစ္စည်းကိရိယာအမျိုးမျိုး၊ ကျန်းမာရေးအထောက်အကူပြု အသုံးအဆောင်ပစ္စည်းအမျိုးမျိုး။ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

အမှတ် ၇၆ ။ ။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၈) ၏ သဘောတူခွင့်ပြုချက်အရ ကယားပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) (ပြည်နယ်ကုသရေးဦးစီးဌာနမှူး ပူးတွဲတာဝန်) ဒေါက်တာခင်မောင်ရင် (ဆမ-၁၀၈၅၃) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားလာခြင်းကို အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၈၁) အရ ငြင်းပယ်လိုက်သည်။

ထိုသို့ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်နေ့မှစ၍ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန (တိုင်းရုံး) မှ ရုံးအုပ်၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ဒေါ်ဆွေဆွေဦး အား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန (တိုင်းရုံး) ရှိ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၈)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲမှ ဦးစီးမှူး (ပြန်ကြားရေး)၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ဦးညီညီလတ် အား လူထုအားကစားနှင့် ပညာပေးဌာနခွဲရှိ ဦးစီးအရာရှိ (ပြန်ကြားရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင် ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၈)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ယှဉ်ပြိုင်/လေ့ကျင့်ဌာနခွဲ (၁) အင်အားဖြင့် ခန့်ထားသော ဦးစီးမှူး (သတင်း/သုတေသန)၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ဦးဇော်မျိုးသန့် အား လူထုအားကစားနှင့် ပညာပေးဌာနခွဲရှိ ဦးစီးအရာရှိ (သတင်း)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၈)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) မှ ဦးစီးမှူး (ဝယ်/ထိန်း)၊

လစာနှုန်း (၂၁၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ဒေါ်စန်းစန်းသိန်း အား ယှဉ်ပြိုင်/လေ့ကျင့်ဌာနခွဲ (၂) ရှိ ဦးစီးအရာရှိ (မှတ်တမ်း)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၈)

